# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက် ၂၀၂၄ ခုနှစ်၊ မတ် ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၃)၊ အမှတ်(၁၇၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# (၇၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဥပစာရင်ပြင်၌ ကျင်းပပြုလုပ်သည်။ *စာမျက်နှာ ၄ ကော်လံ ၁ ❖*


ယနေ့ ဖတ်စရာ

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်း — ဘွဲ့တံဆိပ်များ — စာ ၆

လူ့အသက်ထက် အရေးကြီးတာ ဘာမျှမရှိ၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရေး လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်မှုကြောင့် အကောင်အထည် ပေါ်လာခဲ့သည့် ကျောက်တော်မြို့နယ် — ဆောင်းပါး — စာ ၁၀





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်

**နေပြည်တော် မတ် ၂၆**

၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၉) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတက်ရောက်ရန် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ခေတ္တတည်းခိုနေထိုင်လျက်ရှိသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ တို့က သွားရောက်၍ တွေ့ဆုံဂါရဝပြုနှုတ်ဆက်သည်။

**လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းပေး**

ထိုသို့တွေ့ဆုံဂါရဝပြုနှုတ်ဆက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား တစ်ဦးချင်းလိုက်လံဂါရဝပြုနှုတ်ဆက်ခဲ့ပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာလိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သြဝါဒစကားများပြန်လည်ပြောကြား**

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခဲ့မှုနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ခဲ့မှုအခြေအနေများ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေအတည်ပြုပြဋ္ဌာန်းခဲ့မှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာသာသနာနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ရာ အငြိမ်းစားတပ်မတော်အရာရှိကြီးများက ယခုကဲ့သို့ တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်သည့်အခြေအနေများ၊ နိုင်ငံ့တာဝန်များကို ဘက်ပေါင်းစုံမှ လစ်ဟင်းမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို အားပေးအသိအမှတ်ပြုသည့် အခြေအနေများနှင့် အခြားသြဝါဒစကားများကို ပြန်လည်ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၉) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား တစ်ဦးချင်း လိုက်လံဂါရဝပြုနှုတ်ဆက်ပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို မေးမြန်းစဉ်။





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၉) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား တစ်ဦးချင်း လိုက်လံဂါရဝပြုနှုတ်ဆက်ပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို မေးမြန်းစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❖ ရှေ့ဖုံးမှ

အကြိုဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် (၇၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားအငြိမ်းစားသံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟိုအကြံပေး ကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဝိုင်အမ်ဘီအေအသင်းကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်းဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင်ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်နေ့အလှူရှင်များ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်သဘင်ဂီတအစည်းအရုံးနှင့် သေနင်္ဂဗျူဟာလေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

*စာမျက်နှာ ၅ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧည့်သည်တော်များ (၇၉)နှစ်မြောက်တပ်မတော်နေ့ အကြိုဂုဏ်ပြုညစာစားပွဲတွင် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့် ပြင်ပအနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။






(၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်း အဝင်လမ်းမကြီးတစ်လျှောက်တွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် တိုင်းစစ်ဌာနချုပ်များ၏ အမှတ်တံဆိပ်များ၊ ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးရုပ်တုများကို မီးအလှအပများဖြင့် လှပစွာဂုဏ်ပြုပုံဖော်ထွန်းညှိထားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ဇေယျာသီရိဗိမာန်သဘင်ဆောင်အတွင်း၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ စစ်သည်၊ စစ်သမီးများ၏ "ဤလက်များဖြင့်" ပြဇာတ်တင်ဆက်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၄ မှ*

(၇၉)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့် ပြင်ပအနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

**မီးရှူးမီးပန်းများပစ်ဖောက်**

အကြိုဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဇေယျာသီရိဗိမာန်သဘင်ဆောင်အတွင်း၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ စစ်သည်၊ စစ်သမီးများ၏ **"ဤလက်များဖြင့်"** ပြဇာတ် တင်ဆက်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့က စစ်သည်၊ စစ်သမီးများအား အမှတ်တရဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**စိတ်ချမ်းမြေ့ကြည်နူးစွာကြည့်ရှု**

(၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်း အဝင်လမ်းမကြီးတစ်လျှောက်တွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် တိုင်းစစ်ဌာနချုပ်များ၏ အမှတ်တံဆိပ်များ၊ တပ်မတော်ရေယာဉ်၊ ရဟတ်ယာဉ်များ၊ သံချပ်ကာယာဉ်များ၏ ပုံသဏ္ဌာန်များ၊ ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးရုပ်တုများကို မီးအလှအပများဖြင့် လှပစွာဂုဏ်ပြုပုံဖော်ထွန်းညှိထားရှိကြောင်းနှင့် တပ်မတော်နေ့ အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက စိတ်ချမ်းမြေ့ကြည်နူးစွာ ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စစ်သည်၊ စစ်သမီးများအား အမှတ်တရဂုဏ်ပြုပန်းခြင်းများ ပေးအပ်စဉ်။

## ကျွန်းစုမြို့နယ် ပထော်ကျွန်းတွင် ဆီချောတန် ၂၀ ကျစက်ရုံတစ်ရုံတည်ဆောက်ရန်လျာထား

**မြိတ် မတ် ၂၆**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပထော်ကျွန်း၌ ကုမ္ပဏီတစ်ခုမှဆီချောတန် ၂၀ ကျစက်ရုံတစ်ခုကို တည်ဆောက်ရန်လျာထားပြီး လက်ရှိတွင် ကုမ္ပဏီသုံးခုနှင့် ချိတ်ဆက်နေကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ပထော်၊ ပထက်ကျွန်းမှာ ဆီချောစက်ရုံတစ်ခု တည်မယ်။ ထွက်ရှိလာတဲ့ ဆီကြမ်းတွေကို ပထော်ကျွန်းကိုပို့ပြီး ဆီချောတန် ၂၀ ကျထုတ်ဖို့ အဆိုပြုထားတာရှိပါတယ်။ တရုတ်နိုင်ငံက ကုမ္ပဏီသုံးခုနဲ့ချိတ်ဆက်ပြီး သွားရောက်လေ့လာနေပါတယ်။ စာချုပ်ချုပ်ဖို့လည်းလုပ်နေပါတယ်။ မေလပိုင်းလောက်မှာလုပ်ဖို့ စီစဉ်ထားပါတယ်။ ဆီကြမ်းတွေက ဆီချောတိုက်ရိုက်ထုတ်လုပ်ဖို့ အဆင်မပြေဘူး။ ဒါကြောင့် ဆီကြမ်းစက်ရုံသီးခြား ထပ်တည်ရပါဦးမယ်" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိတွင် မြေယာစိစစ်နေပြီး ဆီချောစက်ရုံနှင့်ပတ်သက်ပြီး နိုင်ငံတော်က တည်မည့်စက်ကို ပထော်ကျွန်းတွင် တည်ထားခြင်းမဟုတ်ကြောင်း၊ ကုမ္ပဏီမှတတ်နိုင်သည့် ငွေပမာဏကို ရွေးပြီး တည်ဆောက်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ချေးငွေထုတ်ပေးခြင်းမျိုးသာ ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

တနင်္သာရီ တိုင်းဒေသကြီးတွင် ဆီသန့်စက်ရုံ မရှိသေးသောကြောင့် ဘုတ်ပြင်းနှင့် ကော့သောင်းခရိုင်ဘက်ရှိ ယုဇန၊ တောင်ဒဂုံစသည့်စက်ရုံမှ ထွက်ရှိသည့် ဆီကြမ်းများကို ရန်ကုန်မြို့သို့ပို့ဆောင်ကာ ဆီသန့်ပြန်လည်ထုတ်ယူရကြောင်း သိရသည်။

ယခု တည်ဆောက်မည့် စက်ရုံမှ ထွက်ရှိမည့် ဆီချောများကို မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့မှ တင်သွင်းသည့် ဆီချောများကဲ့သို့ အန္တရာယ်ကင်းသည့် ဆီသန့်အမျိုးအစားအထိ လုပ်မည်ဖြစ်ပြီး ကျန်းမာရေးဌာနကလည်း စိစစ်မည်ဖြစ်ကြောင်း၊ ဌာနအနေဖြင့် မောတောင်၊ တနင်္သာရီ၊ ကော့သောင်း လမ်းဆုံနေရာဖြစ်သည့် တနင်္သာရီမြို့နယ် ရေဖြူကျေးရွာတွင် ဆီကြမ်းနှင့် ဆီချောစက်ရုံ နှစ်ခုလုံးတည်ဆောက်ရန် အကြံပြုထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **မြင့်ဦး(မြိတ်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ဆီထွက်သီးနှံများထုတ်လုပ်မှုတိုးတက်မြင့်မားရေး အထူးဇုန်များအကောင်အထည်ဖော်

**မန္တလေး မတ် ၂၆**

၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံများ ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် အထူးဇုန်များ သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အထူးဇုန်(၂) တာဝန်ခံ၊ ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ ဒေါ်သက်သက်ထွန်း၊ တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်မင်းမင်းသွင်၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်သင်းသင်းထက်၊ ခရိုင်မြေအသုံးချရေး တာဝန်ခံ ဒေါ်မို့မို့စိုး၊ တံတားဦးမြို့နယ် ဦးစီးမှူး ဦးကနေဒီထွန်း၊ ငါန်းဇွန်မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းလင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထွန်းနောင်ဝင်းတို့က မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်များမှ အကျိုးဆောင်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကိုယမန်နေ့က တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**



အဆိုပါ ဆွေးနွေးပွဲတွင် ဆီထွက်သီးနှံထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အထူးဇုန်များ သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေများ၊ တောင်သူများအား စည်းရုံးဆောင်ရွက်ခြင်းနှင့် မြေပဲ၊ နှမ်း၊ နေကြာသီးနှံအလိုက် စိတ်တူကိုယ်တူ တောင်သူအစုအဖွဲ့များဖွဲ့စည်းခြင်းလုပ်ငန်းများ၊ စိုက်နည်းစနစ်မှန်ကန်ရေး လုပ်ငန်းများ၊ နှမ်းပေါင်ကြီးတင်စနစ် စိုက်ပျိုးခြင်းနည်းစနစ်များ၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သွင်းအားစုအချိန်ကိုက် အချိုးကျထည့်သွင်းနိုင်ရေး လုပ်ငန်းများ၊ ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းများ၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) များ လိုက်နာကျင့်သုံးဆောင်ရွက်ရေး လုပ်ငန်းများကို ဆွေးနွေးပြီး တောင်သူများ၏ မေးမြန်းမှုအပေါ် ဖြေကြားကာ ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၆၃ / ၂၀၂၄**
**၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်**
**( ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**
**သူရဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး | တင့်လွင်စိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူး | ဌေးအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ၈၇၄၃၂၂ | တပ်ကြပ်ကြီး ညွန့်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | ဉာဏ်လင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒုတိယဗိုလ်မှူးကြီး | ဇော်မျိုးသန့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူး | မျိုးထက်ဇော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ၄၆၄၂၅ | တပ်ကြပ်/ ၁၂ ကြည်ဖြိုးဝေ | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်များ**
**ရဲသူရတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယရဲမှူး | ထွန်းထွန်းဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | လ ၁၈၂၈၅၄ | ရဲတပ်ကြပ်ကြီး ရွှေထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | လ ၁၇၂၂၁၄ | ရဲတပ်ကြပ် ကျော်မိုးထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | လ ၂၅၀၀၀၇ | ရဲတပ်သား ရဲမင်းထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ | လ ၂၉၀၈၇၇ | ရဲတပ်သား မျိုးသက်ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | လ ၂၉၇၀၇၃ | ရဲတပ်သား သက်ပိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ | ဒေါ်ခင်နွယ်ဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒေါ်ခင်မာချို | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဒေါ်ခင်ခင်စိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဒေါ်ဥမ္မာစန်းဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဒေါ်ကြည်ပြာအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဒေါ်ဝင်းမာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒေါ်ပိုးနှင်းရီကျော် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါ်အေးအေးမွန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ဒေါ်မိအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဒေါ်ယမင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | မောင်ရဲမြတ်ကျော် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဦးရွှေမင်း | | ကချင်ပြည်နယ် |
| ၁၈။ | ဦးဝေါ်ပေါ်လေး | | ကချင်ပြည်နယ် |
| ၁၉။ | ဦးယော်ယား | | ကချင်ပြည်နယ် |
| ၂၀။ | ဦးငွါးတား | | ကချင်ပြည်နယ် |
| ၂၁။ | ဦးလာဆာ(ခ) ဦးလာရီဆားရ် | | ကချင်ပြည်နယ် |
| ၂၂။ | ဦးအောင်မိုး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၃။ | ဦးကျော်ထက် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၄။ | ဦးစောမောင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၅။ | ဦးထွန်းတင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၆။ | ဦးဇော်လင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၇။ | ဦးမျိုးဝင်းလှိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၈။ | ဦးအောင်ကျော်စိုး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉။ | ဦးသက်ပြင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀။ | ဦးကျော်လွင် | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၁။ | ဦးတင်ထွန်း | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၂။ | ဦးမြင့်ဦး | | ပဲခူးတိုင်းဒေသကြီး |
| ၃၃။ | ဦးဌေးအောင် | | ပဲခူးတိုင်းဒေသကြီး |
| ၃၄။ | ဦးဇော်နိုင် | | မကွေးတိုင်းဒေသကြီး |
| ၃၅။ | ဦးဘိုကြည်မြင့်ထွန်း | | မကွေးတိုင်းဒေသကြီး |
| ၃၆။ | ဦးကျော်အေး | | မကွေးတိုင်းဒေသကြီး |
| ၃၇။ | ဦးဘိုဟိန်း(ခ) ဦးမျိုးမြင့် | | မန္တလေးတိုင်းဒေသကြီး |
| ၃၈။ | ဦးထက်မြတ်ကို | | မန္တလေးတိုင်းဒေသကြီး |
| ၃၉။ | ဦးဖုန်းမြတ်သူ(ခ) ကျောက်ခဲ | | မန္တလေးတိုင်းဒေသကြီး |
| ၄၀။ | ဦးတင်ထွန်းမင်း | | မန္တလေးတိုင်းဒေသကြီး |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၆၄ / ၂၀၂၄**
**၁၃၈၅ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၃ ရက်**
**( ၂၀၂၄ ခုနှစ် ၊ မတ်လ ၂၇ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ခေတ်မီတပ်မတော်တည်ဆောက်နိုင်ရန် နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပုဂ္ဂိုလ်များအား စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် အောက်ဖော်ပြပါ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်မှုတံဆိပ်များ**
**သီရိသီဟကျော်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | Lieutenant General | KSHIMOVSKY Alexander Aleksandrovich | Head of the Main Directorate for International Military Cooperation |
| ၂။ | Major General | ILYIN Evgeniy Yurievich | First Deputy Head of the Main Directorate for International Military Cooperation |
| ၃။ | Admiral | EVMENOV Nikolay Anatolyevich | Commander–in–Chief of the Navy |
| ၄။ | Admiral | LIINA Victor Nikolaevich | Commander of the Pacific Fleet |
| ၅။ | Admiral | KASATONOV Vladimir Lvovich | Deputy Commander–in–Chief of the Navy |
| ၆။ | Vice Admiral | MUKHAMETSHIN Igor Timerbulatovich | Head of Shipbuilding, Armament and Armament Operation, Deputy Commander– in–Chief of the Navy for Armament |
| ၇။ | Vice Admiral | BEREZOVSKY Denis Valentinovich | Deputy Commander of the Pacific Fleet |
| ၈။ | Rear Admiral | TRYAPICHNIKOV Vladimir Aleksandrovich | Head of the Technical Department of the General Staff of the Navy |
| ၉။ | Colonel | PENKIN Maksim Vladimirovich | Head of the 5th Department of the Main Directorate of International Military Cooperation |
| ၁၀။ | Colonel | YURCHENKO Sergei Vladimirovich | Head of the Direction of the 4th Directorate of the Main Directorate of International Military Cooperation |
| ၁၁။ | Colonel | PAVLENKO Anatoliy Viktorovich | Representative of the General Staff of the Armed Forces |
| ၁၂။ | Colonel | KURCHENKO Sergei | Defence Attache at the Embassy of Semyonovich the Russian Federation in the Republic of the Union of Myanmar |
| ၁၃။ | Captain 1st rank | MOROZ Kirill Sergeevich | Head of the Service (Maritime Law and International Military Cooperation) of the General Staff of the Navy |

စာမျက်နှာ ၇ သို့

*စာမျက်နှာ ၆ မှ*

| | | | |
|---|---|---|---|
| ၁၄။ | Captain 2nd rank | YASHIN Dmitry Valerievich | Head of the Direction of the 5th Directorate of the Main Directorate of International Military Cooperation |
| ၁၅။ | Captain 2nd rank | SHILKOV Vitaly Vasilyevich | Chief Expert of the 5th Directorate of the Main Directorate of International Military Cooperation |

**သီရိသူရကျော်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | Mr. SARATOV Sergei | Nikolaevich | Referent of the Ministry of Defense |
| ၂။ | Colonel | IZVEKOV Sergey Alexandrovich | Deputy Head of the Direction of the 5th Directorate of the Main Directorate for International Military Cooperation of the Ministry of Defense of the Russian Federation |
| ၃။ | Captain 1st rank | EGOROV Mikhail Lvovich | Head of the Service (submarine Operation) of the Technical Department of the Main Command of the Navy |
| ၄။ | Colonel | YUNUSOV Araz Yunusovich | Deputy Head of the Department Head of the group of the Department (classified communications network) of the Directorate (Communications Planning) of the Main Communications Directorate of the Armed Forces |
| ၅။ | Captain 1st rank | RYABOKON Roman Ivanovich | Head of the 4th Division of the 3rd Directorate of the Main Personnel Directorate |
| ၆။ | Captain 2nd rank | MIRONOV Vyacheslav Andreevich | Head of the group of the 4th Division of the 3rd Directorate of the Main Personnel Directorate |
| ၇။ | Captain 2nd rank | SAKHNEVICH Andrey Nikolaevich | Head of the Department of International Military Cooperation of the Pacific Fleet |
| ၈။ | Captain 3rd rank | SPITSYN Pavel Aleksandrovich | Senior Expert of the 5th Directorate of the Main Directorate of International Military Cooperation |
| ၉။ | Colonel | BOBRIKOV Sergei Leonidovich | Senior officer of the Engineering Troops Construction Department of the Directorate of the Chief of Engineering Troops of the Armed Forces |
| ၁၀။ | Colonel | RYABOV Alexey Vyacheslav | Chief Expert of the Division of Supply (artillery ammunition) of the Directorate (supply of missiles and artillery ammunition) of the Main Rocket and Artillery Directorate |
| ၁၁။ | Colonel | MATYTSIN Roman Sergeevich | Assistant to the Commander-in-Chief of the Army for International Military Cooperation |
| ၁၂။ | Lieutenant Colonel | ERMOLAEV Mikhail Yurievich | Chief Inspector of the Service (International Military Cooperation) of the General Command of the Army |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် ကုလသမဂ္ဂဝန်ထမ်းများ ယာယီပြောင်းရွှေ့နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



## (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံမြို့နယ် နောင်ငင်း- ဝမ်ဆိုင်း(လွယ်)ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်

**နေပြည်တော် မတ် ၂၆**

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် နောင်ငင်း- ဝမ်ဆိုင်း (လွယ်) ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ



လမ်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက ကွန်ကရစ်လမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက နောင်ငင်း- ဝမ်ဆိုင်း (လွယ်) ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အရှည် ၈ မိုင်၊ ၃ ဖာလုံ၊ အကျယ် ၁၂ ပေနှင့် ထု ၇ လက်မ ရှိသော ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး**(ဝဲပုံ)** လမ်းဖောက်လုပ်ထားရှိမှု အခြေအနေများကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုသိမ်ကြီးမြို့နယ်၌ လယ်ယာမြေများ ခွင့်ပြုမိန့်မရှိဘဲ အခြားနည်းဖြင့်အသုံးမပြုရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မန္တလေး မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လယ်ယာမြေများ ခွင့်ပြုမိန့်မရှိဘဲ အခြားနည်းဖြင့် အသုံးမပြုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေက လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်းများကို နောင်ထပ်မံ မဖြစ်ပွားစေရေး ရှင်းလင်းပြောကြားပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်ဇော်လင်းက လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများကိုလည်းကောင်း ဆွေးနွေးခဲ့သည်။ **မြို့နယ်ပြန်/ဆက်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

နေပြည်တော် မတ် ၂၆

(၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "တွဲလက်တူစုံ ချစ်ရိပ်မြုံ" ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညွှန့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ဦးစွာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ထို့နောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက "တွဲလက်တူစုံ ချစ်ရိပ်မြုံ" ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင်များဖြစ်ကြသည့် အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ဆုကဗျာ၊ ဆောင်းယွန်းစံ၊ ဇာတ်ညွှန်း ထက်မြတ်နိုင်(ကိုယ်စား) ကိုယ်စားလှယ်တစ်ဦး၊ တွဲဖက်ဒါရိုက်တာ သက်သဇင်ထွဋ်၊ ဒါရိုက်တာ အကယ်ဒမီ တင်အောင်စိုး (ပန်းမြို့တော်)၊ ရိုက်ကူးထုတ်လုပ်ရေး ဒေါက်တာ ဟိန်းထက်အေး(Forever Group) တို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။ **(အပေါ်ယာပုံ)**

တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက (၇၉) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် စစ်ချီသီချင်းနှင့်စစ်သည်တေးသီချင်းဆု ရရှိကြသည့် ဂုဏ်ပြုစစ်ချီသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ တပ်ကြပ် လှိုင်ဝင်းထွန်း၊ ဒုတိယဆုရရှိသူ မြင့်မိုရ်ဦး၊ တတိယဆုရရှိသူ မျိုးဝင်း (MWD)၊ စတုတ္ထဆုရရှိသူ အောင်ဇော်ဦး (ရဲတီးဝိုင်း)၊ ပဉ္စမဆုရရှိသူ တပ်ကြပ်ကြီး ဇော်မျိုးထွန်း၊ စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)၊ ဒုတိယ ဆုရရှိသူ ဇာမနီ၊ စတုတ္ထဆုရရှိသူ ကျော်ကျော်သိန်း (KKT)၊ ပဉ္စမဆုရရှိသူ တပ်ကြပ်ကြီး ဇော်ဝင်းထွန်းတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း။

တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်က (၇၉) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ကဗျာဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ တာယာ၊ ဒုတိယဆုရရှိသူ မျိုးချစ်မောင်သောင်း၊ တတိယဆုရရှိသူ ညိမ်းညို၊ စတုတ္ထဆုရရှိသူ အောင်နိုင်သူ (ဖွဲ့ကပင်)၊ အထူးဆု(၁)ရရှိသူ ရှိန်မြင့်ထက် (ဝါးကြီးအိုင့်)၊ အထူးဆု(၂)ရရှိသူ ညွှန့်ဝင်း (နတ်တလင်း)၊ အထူးဆု (၃)ရရှိသူ ဟန်ညွှန့်(ယဉ်ကျေးမှု)၊ ကဗျာအလွတ်တန်း အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ ဆန္ဒကူး သစ္စာ၊ ဒုတိယဆုရရှိသူ ကိုကို (ရေနံ့သာ)၊ တတိယဆုရရှိသူ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ စတုတ္ထဆုရရှိသူ မနောဖြူ၊ ပဉ္စမဆုရရှိသူ မြခြူးအိမ်၊ အထူးဆု(၁)ရရှိသူ မြတ်ထွဏ်းနောင်၊ အထူးဆု(၂)ရရှိသူ ယိမ်းနွဲ့ (ကိုယ်စား) ကိုယ်စားလှယ်တစ်ဦးနှင့် အထူးဆု(၃)ရရှိသူ မျိုးစစ်သည်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

စာမူပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းက ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများဖြစ်ကြသည့် ဂုဏ်ပြုဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိသူ ရဲမင်းစိုး၊ ဒုတိယဆုရရှိသူ ပင်မြင့်စံ (ရွှေဘို)၊ တတိယဆုရရှိသူ မောင်စူးရှ (အနောက်ရိုးမ)၊ စတုတ္ထဆုရရှိသူ ချစ်ခြင်းဖြူ၊ ပဉ္စမဆုရရှိသူ ထက်ပိုင်ဦး (သစ္စာမြေ)၊ အထူးဆု(၂)ရရှိသူ အမောင်၊ အထူးဆု(၃) ရရှိသူ ချမ်းမြေ့အောင်၊ ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမဆုရရှိသူ ခန့်ပိုင်၊ ဒုတိယဆုရရှိသူ ညိမ်းညို၊ တတိယဆုရရှိသူ တက္ကသိုလ် မြမဋ္ဌု၊ စတုတ္ထဆုရရှိသူ မနောဖြူ၊ ပဉ္စမဆုရရှိသူ အမေ့သား (နတ်မောက်)၊ အထူးဆု(၁)ရရှိသူ မုန်းမောင်မောင်၊ အထူးဆု (၂) ရရှိသူ ကျော်တေဇ (ဥက္ကလာ)၊ အထူးဆု(၃) ရရှိသူ သန်းဝင်းထွန်း (ဆွာ)တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်



**နေပြည်တော် မတ် ၂၆**

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသော ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း **(ဝဲပုံ)**၊ ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကိုလည်းကောင်း ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးပြုလုပ်သည့် (၇၉) နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ်သုဝဏ္ဏစက်ဘီးလေ့ကျင့်ရေးကွင်းပြေးလမ်းအသစ်ဖွင့်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီက ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏစက်ဘီးလေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။

ဦးစွာ သုဝဏ္ဏစက်ဘီးလေ့ကျင့်ရေးကွင်းပြေးလမ်းအသစ်ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီးစက်ဘီးပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက စက်ဘီးပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ စက်ဘီးပြိုင်ပွဲတွင် အမျိုးသမီးနောက်ကျန်ထွက်အုပ်စုတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနောက်ကျန်ထွက်အုပ်စုတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားမီတာ ၈၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားမီတာ ၄၀၀၀ အသင်းလိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြပြီး ပထမ၊ ဒုတိယ၊ တတိယရရှိကြသော အားကစားသမားများကို တိုင်းဒေသကြီးဝန်ကြီးများက ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားမီတာ ၄၀၀၀ အသင်းလိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသောအသင်းများကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းပြိုင်ပွဲကို မတ် ၂၃ ရက်မှ ၂၆ ရက်အထိကျင်းပပြီးအမျိုးသား၊ အမျိုးသမီး ၉၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းသိရသည်။ **အာကာစိုး**

# နို့စားနွားမွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၆**

နို့စားနွားမွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်များ၊ နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။



**နို့စားနွားမွေးမြူထုတ်လုပ်ရေး**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နို့နှင့်နို့ထွက်ပစ္စည်းများကို ပြည်ပမှတင်သွင်းမှု လျှော့ချနိုင်စေရန်နှင့် အရည်အသွေးပြည့်မီသော နို့နှင့်နို့ထွက်ပစ္စည်းများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်နိုင်စေရန်အတွက် နို့စားနွားမွေးမြူထုတ်လုပ်ရေးတွင် ကြုံတွေ့ရလျက်ရှိသော စိန်ခေါ်မှုများအပေါ် သက်ဆိုင်ရာဌာနတာဝန်ရှိသူများ၊ နို့စားနွားမွေးမြူသူများ၊ မွေးမြူထုတ်လုပ်သူလုပ်ငန်းရှင်များ၊ မွေးမြူရေးပညာရှင်များ ဆွေးနွေးအဖြေရှာနိုင်ရန် ယနေ့ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး အရင်းမပျောက်မတည်ထောက်ပံ့ငွေဖြင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းကို လျာထားရန်ပုံငွေကျပ် ၃၂ ဘီလီယံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး နေပြည်တော်၊ တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ် လေးခုတို့တွင် ကနဦးခွင့်ပြုရန်ပုံငွေကျပ် ၂၀ ဘီလီယံဖြင့် အသားတိုးကြက်၊ ဥစားဘဲ၊ အသားတိုးဝက် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်ထောက်ပံ့ငွေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ကနဦးရင်းနှီးမြှုပ်နှံခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် မျှဝေပေးခြင်းဖြင့် နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်နှင့် သိုး၊ဆိတ်မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်မွေးမြူလာစေရန်အတွက် လုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် နို့စားနွားမွေးမြူထုတ်လုပ်မှု သိသာစွာ ပြောင်းလဲတိုးတက်လာစေရေးအတွက် အထောက်အကူဖြစ်စေမည့် ဆွေးနွေးချက်၊ သုံးသပ်အကြံပြုချက်များ ထွက်ပေါ်လာရေးအတွက် သက်ဆိုင်ရာနယ်ပယ်အသီးသီးရှုထောင့်မျိုးစုံမှ ဝိုင်းဝန်းဆွေးနွေးသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများက နို့စားနွားမွေးမြူရေးအတွက် အာဟာရပြည့်ဝသော တိရစ္ဆာန်အစာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မည့် အခွင့်အလမ်းများ၊ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေး၊ ဒေသရာသီဥတုနှင့် လိုက်လျောညီထွေစွာ မွေးမြူနိုင်မည့် နို့စားနွားမျိုးများ အသုံးပြုနိုင်ရေး ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နို့စားနွားမွေးမြူသူများ၊ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများက မွေးမြူထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးတင်ပြခဲ့ကြသည်။

**အကျိုးစီးပွားဖြစ်ထွန်းစေရေး**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စာရင်းအချက်အလက်များအရ အမေရိကန်ဒေါ်လာ ၉၆ သန်းကျော်တန်ဖိုးရှိ နို့နှင့်နို့ထွက်ပစ္စည်း တန်ချိန် ၅၃၀၀၀ ကျော်ကို ပြည်ပနိုင်ငံများမှ ဝယ်ယူတင်သွင်းခဲ့သဖြင့် ပြည်တွင်းစားသုံးမှုဖူလုံစေရေး၊ နို့စားနွားမွေးမြူရေးနှင့် နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ရောင်းချသူများအပါအဝင် လုပ်ငန်းကွင်းဆက်တစ်လျှောက်တွင် ပါဝင်ပတ်သက်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ဌာန၊ ပုဂ္ဂလိကနှင့် မွေးမြူရေးတောင်သူများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ကြိုးပမ်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ်ညီ့ခံပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၂၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ် ညီ့ခံပွဲအခမ်းအနားကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။

ရှေးဦးစွာပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သီချင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။




**နှုတ်ခွန်းဆက်စကားပြောကြား**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr.Md.Monwar Hossain က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၃) နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ပေးကြသည်။ (ဓာတ်ပုံ)

**တည်ခင်းညှီ့ခံ**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး ဒုတိယဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးနှင့်ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားသို့ တက်ရောက်ကြသူများအား သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှီ့ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ဌေးနှင့်ဇနီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ဦးကျော်စိုးမိုးနှင့်ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

လှည်းယဉ်တန်းများဖြင့် ရေးအစဉ်အလာရိုးရာမပျက် မတ် ၂၁ ရက်(တပို့တွဲလဆန်း ၁၂ ရက်) နေ့က လှည်းအစီးရေ ၃၇ စီးဖြင့် ပျော်ပျော်ပါးပါး ဘုရားဖူးသွားရောက်ခဲ့ပြီး တပေါင်းလပြည့်ကျော် ၁ ရက်နေ့အထိ ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်း၏ အထက်မန်းချောင်းနံဘေး၌ ယာယီစခန်းချ နေထိုင်ကာ ဗုဒ္ဓပါဒခြေတော်ရာနှစ်ဆူအား နေ့စဉ်ဘုရားဖူးသွားရောက်ခဲ့ကြသည်။

“ဆင်နဲ့လူအကြား သဟဇာတဖြစ်တည်မှုသာမက ဆင်လိမ္မာလေးများ၏ စွမ်းဆောင်ရည်ကို လှည်းအဖွဲ့က ဒေသခံတွေနဲ့ ကလေးငယ်လေးတွေ သိရှိစေဖို့ရယ် နောက်ပြီး မင်းလှကျင်းကျေးရွာက လှည်းယဉ်တွေနဲ့ ရိုးရာအမွေကို လက်ဆင့်ကမ်းထိန်းသိမ်းပြီး ဘုရားဖူးသွားရောက်တဲ့ ချစ်စရာမြန်မာ့ရိုးရာဓလေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ယခုနှစ်မှာ ကျွန်တော်တို့ ဆင်စခန်းက ပထမဆုံးအကြိမ်အဖြစ် ဆင်လိမ္မာကလေး လေးကောင်နဲ့ တပေါင်းလပြည့်နေ့ (မတ် ၂၄ ရက်) က ထူးထူးခြားခြား သွားရောက်ညှီ့ခံဖျော်ဖြေတင်ဆက်ပေးခဲ့တာပါ။ လာမယ့်နှစ်ကျရင် အခုလို လှည်းယဉ်တွေလာတဲ့အခါ ဆင်လေးတွေနဲ့ သွားရောက်ကြိုဆိုပြီးတော့ ညှီ့ခံပေးသွားမှာဖြစ်ပါတယ်”ဟု ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းတာဝန်ခံလက်ထောက်မန်နေဂျာ ဦးထက်နိုင်အောင်က ပြောသည်။

ထိုသို့ သွားရောက်ညှီ့ခံဖျော်ဖြေပေးရာတွင် ဆင်လိမ္မာကလေးများက ဒေသခံ ညှီ့ပရိသတ်များအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်ပြီး ကပြဖျော်ဖြေပေးခြင်း၊ Music တူရိယာနှင့် ပုသိမ်ထီးများအသုံးပြု၍ တီးမှုတ်ကပြခြင်း၊ လှည်းတန်းမှ ကလေးငယ်များနှင့် တစ်ဦးချင်းဘောလုံးကန်ကစားပြခြင်း၊ ဦးရွှေရိုးဒေါ်မိုးအကဖြင့် ကပြခြင်း၊ မန်းချောင်းအတွင်း၌ ကလေးငယ်များနှင့်အတူ ရေချိုးဆော့ကစားခြင်းများအပြင် ကစားနည်းမျိုးစုံဖြင့် ဂုဏ်ပြုညှီ့ခံဖျော်ဖြေတင်ဆက်ခဲ့ပြီးနောက် လှည်းဝိုင်းမှ ဒေသခံများက ဆင်ကလေးများကို ဆင်စာများ ပြန်လည်ကျွေးမွေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

✪ *ကျောဖုံးမှ*

ဒိန်းမတ်တင်းနစ်မယ် ကလဲယားတော်ဆင်၊ ၃၂ ဦးအဆင့်တွင် အမေရိကန် တင်းနစ်မယ် တောင်းဆန့်ဒ်တို့ကို အနိုင်ယူ ကျော်ဖြတ်ထားနိုင်သူ ဖြစ်သည်။

ထို့ကြောင့် ၎င်းသည် မိုင်ယာမီအိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် နိုင်ခြေအဆင့် (၈) ရှိသူ ဂရိတင်းနစ်မယ် မာရီယာ ဆက္ကာရီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရှိုင်ဘာကီနာနှင့်အတူ မိုင်ယာမီ အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ နာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် အဇာရင်ကာ၊ ပဲဂူလာနှင့် ဂါစီယာတို့ တက်လှမ်းနိုင်ခဲ့သည်။

သို့သော်လည်း ကမ္ဘာ့အဆင့် နံပါတ်တစ် တင်းနစ်မယ် ဆွီယာတက်ခ်သည် ၁၆ ဦးအဆင့်တွင် ရုရှားတင်းနစ်မယ် အဲလက်ဇန္ဒြား ဒရိုဗာကို နှစ်ပွဲပြတ်ရှုံးနိမ့်ပြီး နောက်တစ်ဆင့် တက်လှမ်းခွင့် လွဲချော်ခဲ့သလို ဗြိတိန်နံပါတ်တစ် တင်းနစ်မယ် ကေတီဘော်လ်တာသည်လည်း ဘယ်လာရုစ်တင်းနစ်မယ် ဗစ်တိုးရီးယား အဇာရင်ကာကို နှစ်ပွဲပြတ်ရှုံးနိမ့်ခဲ့ကာ နောက်တစ်ဆင့်တက်လှမ်းခွင့် လွဲချော်ခဲ့သည်။

**အောင်ဇော်**

❍ *ကျောဖုံးမှ*

ထိုင်းနိုင်ငံ၌ နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် မတ် ၃၀၊ ၃၁ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ အာဖဂန်နစ္စတန်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲနှစ်ပွဲကို နှစ်ရက်ဆက်တိုက်ကစားမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာရှဖလား ဖူဆယ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းနိုင်ငံသို့ ဧပြီ ၅ ရက်ကတည်းက ကြိုတင်ထွက်ခွာမည်ဖြစ်ပြီး အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခွင့်ရထားသည့် ကူဝိတ်လက်ရွေးစင်အသင်း၊ ကာဂျစ္စတန်လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းပွဲနှစ်ပွဲ ထပ်မံကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာရှဖလား ဖူဆယ်ပြိုင်ပွဲနောက်ဆုံးအဆင့်အတွက် မတ် ၁၈ ရက်တွင် ပဏာမကစားသမား ၂၀ ဖြင့် စတင်လေ့ကျင့်ခဲ့ပြီး နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က ကိုင်တွယ်နေကာ ပဏာမကစားသမားများအဖြစ် ဂိုးသမား- ညီညီသန့်၊ မိုင်းစိုးမြတ်သွေး (MIU)၊ ကျော်ရဲသွေး (Generations)၊ ရဲထက်နိုင်(လင်းလက်)၊ ကစားသမား- မျိုးမြင့်စိုး၊ ဝေဇင်ဦး၊ ငြိမ်းမင်းစိုး၊ ထွဋ်ဝေထွန်း၊ ထွန်းမင်းလှိုင်၊ နိုင်လင်းထွန်းကျော်၊ အောင်ဇင်ဦး၊ မျိုးသက်ကျော် (VUC)၊ မင်းချစ်သူ၊ ထွန်းထွန်းဝင်း (M2K)၊ ကိုကိုလွင်၊ မျိုးသက်အောင်၊ လှိုင်မင်းထွန်း (MIU)၊ လဖိုင်ဇော်လွန်း (Winner Soccer) ၊ သော်ထက်အောင်၊ ထက်ဝေ (လင်းလက်) တို့ ပါဝင်ကြသည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

# လူ့အသက်ထက် အရေးကြီးတာ ဘာမျှမရှိ၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရေး လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်မှုကြောင့် အကောင်အထည်ပေါ်လာခဲ့သည့် ကျောက်တော်မြို့နယ်

ကောင်းမွန်

ကျောက်တော်မြို့သည် မြန်မာနိုင်ငံ၏ အနောက်ဘက် ရခိုင်ပြည်နယ် မြောက်ဦးခရိုင်တွင် ပါဝင်သည်။ အရှေ့ဘက်တွင် မြောက်ဦးမြို့နယ်၊ အနောက်ဘက်တွင် ဘူးသီးတောင်မြို့နယ်၊ တောင်ဘက်တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ မြောက်ဘက်တွင် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော မြို့တစ်မြို့ဖြစ်သည်။

ကျောက်တော်မြို့နယ်တွင် မြစ်ချောင်းများ ပေါများပြီး ကစ္ဆပနဒီမြစ်ခေါ် ကုလားတန်မြစ်သည် ကျောက်တော်မြို့အနီးမှ ဖြတ်သန်းစီးဆင်းကာ ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်သည်။ ရေအရင်းအမြစ်အများစုမှာ ရေချိုဖြစ်၍ စိုက်ပျိုးရေး၊ သောက်သုံးရေအတွက် မပူမပင်ရသော မြို့နယ်တစ်ခုဖြစ်သည်။ ကျောက်တော်မြို့သည် ကုန်းလမ်းရေလမ်းဆုံရာ မြို့ဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောမြို့ဟုဆိုနိုင်သည်။ အဓိကထွက်ကုန်မှာ ဆန်စပါးဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို အဓိကလုပ်ကိုင်သည်။

သို့သော်လည်း ကျောက်တော်မြို့နယ်သည် ဘင်္ဂလားပင်လယ်အော်နှင့် ဆက်စပ်တည်ရှိသဖြင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့ရှိသော မြို့တစ်မြို့ဖြစ်သည်။ မိုးဦးကာလနှင့် မိုးနှောင်းကာလများတွင် သဘာဝဘေးအန္တရာယ်များ အဖြစ်များလေ့ရှိသည်။ ၂၀၂၃ ခုနှစ် မိုးဦးကာလ မေလ ၁၄ ရက်နေ့က တိုက်ခတ်ခဲ့သော အလွန့်အလွန် အင်အားပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုဒဏ်ကို ကျောက်တော်မြို့သည်လည်း ခံစားခဲ့ရသည်။

ရခိုင်ပြည်နယ်သည် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု အများဆုံးပြည်နယ်ဖြစ်ပြီး ပျက်စီးဆုံးရှုံးမှု ပမာဏ ၉၇ ဒသမ ၇၃ ရာခိုင်နှုန်းရှိသည်။ ထိုအထဲတွင်မှ ရခိုင်ပြည်နယ်မြောက်ပိုင်း မြို့နယ်များဖြစ်သည့် စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တောနှင့် ကျောက်တော်မြို့နယ်တို့သည် ပျက်စီးဆုံးရှုံးမှုများသော မြို့နယ်များဖြစ်သည်။

ထိခိုက်ပျက်စီး မြို့နယ်အလိုက် ပျက်စီးဆုံးရှုံးမှုများအနေဖြင့် စစ်တွေမြို့သည် ရခိုင်ပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးမှုအများဆုံးမြို့ဖြစ်ပြီး တန်ဖိုးအားဖြင့် ကျပ် ၂၂၃ ဘီလီယံခန့် ဆုံးရှုံးခဲ့ကြောင်း တွေ့ရသည်။ ရခိုင်ပြည်နယ်အတွင်း မြို့နယ်များအနက် ကျောက်တော်မြို့နယ်တွင် စာသင်ကျောင်းအများဆုံးပျက်စီးခဲ့ပြီး ကျောင်းပေါင်း ၂၁၃ ကျောင်း ပျက်စီးခဲ့သည်။ ဌာနဆိုင်ရာရုံး သုံးရုံးပျက်စီးခဲ့ပြီး ဘာသာရေး အဆောက်အအုံများ ပျက်စီးမှုမှာ စေတီ ရှစ်ဆူ၊ ဘုန်းတော်ကြီးကျောင်း ၂၅၈ ကျောင်းနှင့် ဘာသာရေးအဆောက်အအုံများ ပျက်စီးခဲ့သည်။

အခြေခံအဆောက်အအုံ ပျက်စီးမှုအနေဖြင့် ဓာတ်တိုင် ၁၁၂၃ တိုင်၊ စက်လှေ ၁၃၉ စင်း၊ ဆန်စက် ၂၇ လုံးတို့ ပျက်စီးခဲ့သည်။ အိမ်ထောင်စုပေါင်း ၄၀၀၀၀ ကျော် (လူဦးရေနှစ်သိန်းကျော်) မိုခါဆိုင်ကလုန်း မုန်တိုင်းဒဏ်ကြောင့် သဘာဝဘေးအန္တရာယ်များ ကြုံခဲ့ရကာ ပျက်စီးဆုံးရှုံးမှုများမှာ လူနေအိမ်ပျက်စီးမှုအနေဖြင့် တစ်စိတ်တစ်ပိုင်း ပျက်စီးအိမ် ၃၃၆၃၃ လုံး၊ အလုံးစုံပျက်စီးမှု ၁၂၀၁၃ လုံးပျက်စီးခဲ့ပြီး

စာမျက်နှာ ၁၁ သို့





**မုန်တိုင်းကြောင့်ပျက်စီး**

အားအလွန့်အလွန်ကောင်းသော မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ကျောက်တော်မြို့ပေါ်နှင့် ကျေးရွာများ၌ ပျက်စီးမှုများကို တွေ့ရစဉ်။



**ရှင်းလင်းဖယ်ရှား**

အားအလွန့်အလွန်ကောင်းသော မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးမှုများကို တပ်မတော်သားများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များက ရှင်းလင်းဖယ်ရှားဆောင်ရွက်ကြစဉ်။

**“ ရခိုင်ပြည်နယ်သည် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု အများဆုံးပြည်နယ်ဖြစ်ပြီး ပျက်စီးဆုံးရှုံးမှု ပမာဏ ၉၇ ဒသမ ၇၃ ရာခိုင်နှုန်းရှိသည်။ ထိုအထဲတွင်မှ ရခိုင်ပြည်နယ်မြောက်ပိုင်း မြို့နယ်များဖြစ်သည့် စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တောနှင့် ကျောက်တော်မြို့နယ်တို့သည် ပျက်စီးဆုံးရှုံးမှုများသော မြို့နယ်များဖြစ်”**





မုန်တိုင်းဒဏ်သင့် ကျောက်တော်မြို့ပေါ်နှင့် ကျေးရွာများမှ ဒေသခံပြည်သူများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

*စာမျက်နှာ ၁၀ မှ*

လူသေဆုံးမှုမရှိသည်ကို တွေ့ရသည်။ တိရစ္ဆာန်သေဆုံးမှုအနေဖြင့် အများဆုံးဖြစ်ပြီး ကျွဲ ၃၆၈ ကောင်၊ နွား ၉၆၁ ကောင်၊ ဝက် ၃၃၇ ကောင်၊ ကြက် ၅၁၁၄ ကောင်နှင့် အခြား ၂၈ ကောင်ရှိသည်။

**ကြိုတင်ပြင်ဆင်မှု**

မိုခါမုန်တိုင်းနှင့် ပတ်သက်၍ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းမဖြစ်မီကပင် မေလ ၆ ရက်နေ့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အစည်းအဝေး ခေါ်ယူခဲ့သည်။ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် မေလ ၈ ရက်နေ့တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနကို ဖွင့်လှစ်ခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်း၍ မုန်တိုင်းအန္တရာယ်နှင့် ပတ်သက်သည့် ရွှေ့ပြောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်းသည် မေလ ၁၄ ရက်နေ့တွင် အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါအဖြစ်ပြောင်းလဲကာ ရခိုင်ကမ်းရိုးတန်းသို့ ဖြတ်သန်း၍ စစ်တွေမြို့အနီးမှဖြတ်သန်းဝင်ရောက်မည်ဟု ခန့်မှန်းချက်အရ မေလ ၁၂ ရက်နေ့တွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကြိုတင်စုဖွဲ့ထားသော ယာဉ်အုပ်စုအချို့ကို ရန်ကုန်မြို့မှ ဂွ၊ အမ်းနှင့် ကျောက်တော်မြို့တို့သို့ ကြိုတင်စေလွှတ်ခဲ့သည်။ ကျောက်တော်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကိုလည်း ဘေးလွတ်ရာနေရာများသို့ ကြိုတင်ရွှေ့ပြောင်းမှုများ ဆောင်ရွက်ထားခဲ့ကြသည်။

**တပ်ဖွဲ့ဝင်များပါဝင်**

အဆိုပါယာဉ်အုပ်စုတွင် ယာဉ်အစီးရေ ၁၁၂ စီးပါရှိကာ အုပ်စု ၁၀ စုခွဲပြီး အုပ်စုတစ်စုတွင် ကွပ်ကဲရန် တပ်မတော်မှ အရာရှိကြီးတစ်ဦး ပါရှိသည်။ အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များ၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ တပ်ဖွဲ့ဝင်များ၊ ဆက်သွယ်ရေးတပ်ဖွဲ့ဝင်များ၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးမှတပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရန် တပ်ဖွဲ့ဝင်များပါဝင်ပြီး မော်တော်ယာဉ်များ၊ ပွဲချိတ်စက်များ၊ ဖိုက်ဘာလှေများ၊ ချိန်းဆောနှင့်လက်သုံးကိရိယာများ၊ အသက်ကယ်အင်္ကျီ၊ အသက်ကယ် ဖောကွင်း၊ မိုးကာတဲများ၊ တာပေါ်လင်စများ၊ ပစ္စည်း ၁၄ မျိုးပါ အရေးပေါ်သေတ္တာများ၊ မြွေဆိပ်ဖြေဆေးအပါအဝင် ဆေးမျိုးစုံ၊ ဆက်သွယ်ရေးစက်မျိုးစုံနှင့် အခြားလိုအပ်သော ဆက်စပ်ပစ္စည်းများလည်း ပါဝင်သည်။

အဆိုပါ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး ယာဉ်အုပ်စုများအနက် တစ်နာရီလျှင် သောက်ရေ ဂါလန် ၄၀၀ သန့်စင်ပေးနိုင်သည့် ရေသန့်စင်ယာဉ်အပါအဝင် ယာဉ် ၁၈ စီးပါဝင်သည့် ယာဉ်အုပ်စု (၁) သည် စစ်တွေမြို့သို့ မေလ ၁၅ ရက်နေ့တွင် ရောက်ရှိအခြေပြု၍ ရန်ကုန် - စစ်တွေ ကားလမ်းတစ်လျှောက် သဘာဝဘေးဒဏ်ကြောင့် ကျိုးကျပိတ်ဆို့လျက်ရှိသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းဖယ်ရှားခြင်း၊ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသော နေရာများသို့ ရေပေးဝေခြင်း၊ မိုးကာတဲများနှင့် တာပေါ်လင်များ ဖြန့်ဝေခြင်းနှင့် နယ်မြေခံတပ်မှ တပ်မတော်သားများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးကြပြီး ဆေးဝန်ထမ်းတပ်ဖွဲ့များကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။ ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် ယာဉ်အုပ်စုသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ရေသန့်ယာဉ်၊ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသည့် နေရာများသို့ သောက်သုံးရေပေးဝေခြင်း၊ ကူညီကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများ**

အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူမြို့နယ်၊ မာန်အောင်မြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ အမ်းမြို့နယ်၊ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဂွမြို့နယ်၊ *စာမျက်နှာ ၁၂ သို့*



**ကျေးရွာဘက်စုံသုံးခန်းမ ပျက်စီးမှု**

ကျောက်တော်မြို့နယ် ကံသုံးဆင့်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အသုံးဝင်သည့် ဘက်စုံသုံးခန်းမ ပျက်စီးမှုကို ပြုပြင်ခြင်း မဆောင်ရွက်မီ တွေ့ရစဉ်။



**ကျေးရွာဘက်စုံသုံးခန်းမ ပြုပြင်ပြီးစီး**

ကျောက်တော်မြို့နယ် ကံသုံးဆင့်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အသုံးဝင်သည့် ဘက်စုံသုံးခန်းမ ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။

❖ **သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေကန်များ၌ ရေသန့်ဆေးများခတ်ခဲ့ပြီး ကူးစက်ရောဂါမဖြစ်ပွားစေရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် ရေတွင်းရေကန်များအား ကလိုရင်းဆေးခတ်ပေးခြင်းနှင့် ကျန်းမာရေး ပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့**



**အလှမဒီကျေးရွာ သောက်သုံးရေကန်**

ကျောက်တော်မြို့နယ် အလှမဒီကျေးရွာပြည်သူများသောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ကျေးရွာ ရေကန်တာပေါင်မြှင့်တင်ခြင်း မဆောင်ရွက်မီ တွေ့ရပုံနှင့် တာပေါင်မြှင့်တင်ခြင်း ဆောင်ရွက်ပြီးနောက် တွေ့မြင်ရပုံ။





**မီးရပ်ပြင်ကျေးရွာ သောက်သုံးရေကန်**

ကျောက်တော်မြို့နယ် မီးရပ်ပြင်ကျေးရွာပြည်သူများသောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ကျေးရွာ ရေကန်တာပေါင်မြှင့်တင်ခြင်း မဆောင်ရွက်မီ တွေ့ရပုံနှင့် တာပေါင်မြှင့်တင်ခြင်း ဆောင်ရွက်ပြီးနောက် တွေ့မြင်ရပုံ။





**(၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ဝန်ထမ်းအိမ်ရာ ပျက်စီးမှု**

ကျောက်တော်မြို့ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ၊ လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ ပျက်စီးမှုကို တွေ့ရစဉ်။



**ပြုပြင်ပြီးအခြေအနေ**

ကျောက်တော်မြို့ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ၊ လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။

*စာမျက်နှာ ၁၁ မှ*

တောင်ကုတ်မြို့နယ်၊ သံတွဲမြို့နယ်၊ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်၊ မြေပုံမြို့နယ်တို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် သတ်မှတ်ကြေညာခဲ့ပြီး တပ်မတော်အရာရှိကြီးများကို မြို့နယ်အလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အနီးကပ် ကြီးကြပ်နိုင်ရန် တာဝန်ပေးအပ်ခဲ့ရာ ဗိုလ်မှူးချုပ်အောင်သူဦး အား ကျောက်တော်မြို့နယ်တွင် ကြီးကြပ်ရန် တာဝန်ပေးခဲ့သည်။

တာဝန်ပေးအပ်ခံရသော တပ်မတော်အရာရှိကြီးများအနေဖြင့် မိမိတာဝန်ကျရာ မြို့နယ်သို့ ရောက်ရှိပါက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများကို ဦးစားပေး ရှင်းလင်းပြီး လျှပ်စစ်မီး ရရှိရေး၊ ဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်ရေသန့်ရရှိရေး၊ အခြေခံပညာကျောင်းများကို ကျောင်းဖွင့်ချိန်အမီ ပြုပြင်ပေးနိုင်ရေး၊ ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများကို ဦးစားပေးပြုပြင်ရေး၊ နိုင်ငံတော်မှ ပေးပို့နေသည့် ရိက္ခာ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများထံသို့ စနစ်တကျနှင့် မြန်မြန်ဆန်ဆန် ထောက်ပံ့ရေး၊ စာရင်းဇယားများ မှန်ကန်ရေး စသည်ဖြင့် မိမိတို့တာဝန်ယူ ကြီးကြပ်ရမည့်အပိုင်းများကို အစီအမံကောင်းကောင်းဖြင့် တိတိကျကျ လိုက်နာ ဆောင်ရွက်ခဲ့ခြင်းကြောင့် အချိန်တိုအတွင်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အောင်မြင်ပြီးမြောက်ခဲ့သည်ကို တွေ့မြင်ရသည်။

**အချိန်မဆိုင်းဘဲဆောင်ရွက်ခဲ့**

မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ထိခိုက်ပျက်စီးမှု အခြေအနေများနှင့် လိုအပ်ချက်များကို သုံးသပ်တွက်ချက်ပြီး အသင့်စီမံထားသည့် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်မှစစ်ရေယာဉ်များ၊ လေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးခြင်း၊ ဒေသအလိုက် ကြိုတင်စုဖွဲ့ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များကလည်း အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကိုလည်း အချိန်မဆိုင်းဘဲ ဆောင်ရွက်ပေးခဲ့သည်ကိုတွေ့ရသည်။

မေလ ၁၆ ရက်နေ့တွင် ကျောက်တော်မြို့သို့ တာဝန်ရှိသူများ ရောက်ရှိလာပြီး ပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးကြသည်။ မကြာမီ ကျောင်းဖွင့်ရာသီ ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေး အဆောက်အအုံများကို ဦးစားပေးပြုပြင်ရန်နှင့် သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးတို့ကို အလေးထားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



**စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)**

စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်) ရှိ မွေးမြူရေးခြံ (စိုက်ပျိုးရေး) မုန်တိုင်းကြောင့် ပျက်စီးမှုအခြေအနေနှင့် ပြုပြင်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။





**ညောင်ချောင်းကျေးရွာပြည်သူများအား ဆေးကုသပေး**

ကျောက်တော်မြို့နယ် ညောင်ချောင်းကျေးရွာပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ကွင်းဆင်းဆေးကုသ ဆောင်ရွက်ပေးစဉ်။



ကျောင်းသား ကျောင်းသူများ စာသင်ချိန်အမီ ကျောင်းတက်ရောက်နိုင်ရေးအတွက် ကျောင်းအပ်လက်ခံဆောင်ရွက်စဉ်။

ကျောက်တော်မြို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပြည်သူလူထု လက်ဝယ်အရောက် ထိထိရောက်ရောက်ဖြန့်ဝေနိုင်ရေး ကော်မတီများဖွဲ့စည်းထားရှိပြီး စနစ်တကျ ဆောင်ရွက်ရန်၊ ပြည်သူများ ဝမ်းစာဖူလုံရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ အနာရောဂါကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် အကြံပြုဆွေးနွေးခဲ့ပြီး စာသင်ကျောင်းများ၊ ဆေးရုံများ၊ နေအိမ်များ ပြိုလဲပျက်စီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)ကို ဇွန်လ ၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အဆိုပါကျောင်းတွင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ကျောင်းသားကျောင်းသူ ၃၇၈ ဦး ပညာသင်ကြားလျက်ရှိသည်။ *စာမျက်နှာ ၁၃ သို့*



**ကျေးရွာအုပ်ချုပ်ရေးမှူးရုံးပျက်စီး**

မိုခါမုန်တိုင်းကြောင့် ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး ပျက်စီးမှုကို တွေ့ရစဉ်။



**ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ပြုပြင်ပြီး**

ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး ပြုပြင်ပြီးနောက် တွေ့ရစဉ်။

> “ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ခြင်း၊ ရေငန်တားတမံများ ပြန်လည်ပြုပြင်ခြင်း၊ လျှပ်စစ်မီးတိုင်များ ပြန်လည်စိုက်ထူခြင်း၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးခြင်း၊ ဆက်သွယ်ရေးလိုင်းများ ပြန်လည်ကောင်းမွန်ရေး စသည်ဖြင့် အခြေခံလိုအပ်ချက်များကို အချိန်တိုအတွင်း ပြန်လည်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လူ့အသက်ထက် အရေးကြီးတာ ဘာမှုမရှိ၊ မည်သူတစ်ဦးတစ်ယောက်မျှမကျန်ရှိစေရေး၊ မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရေး စသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို မူဝါဒအဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် မုန်တိုင်းဖြစ်ပွားပြီး ခြောက်လအကြာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် အဆင့်အထိရောက်ရှိခဲ့သည် ”

*စာမျက်နှာ ၁၂ မှ*

ဗိုလ်မှူးချုပ် အောင်သူဦးက ကျောင်းသားကျောင်းသူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အရေးပါသည့်အတွက် စိုက်ပျိုးရေး ပညာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် ကြိုးစားသင်ယူကြရန် ပြောကြားခဲ့ပြီး ကျောင်းသားကျောင်းသူများအတွက် သောက်သုံးရေများ ဖြန့်ဝေပေးခဲ့သည်။

ကျောက်တော်မြို့တွင် ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ဆေးကုသရေးအဖွဲ့တို့ ပူးပေါင်း၍ ခေါင်းတုတ်ကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ အရေးပေါ်တုံ့ပြန်ရေး ဆေးအဖွဲ့များသည် မေလ ၂၀ ရက်တွင် ကျောက်တော်မြို့နယ် သရက်တပင်၊ စဖိုသားနှင့် အတွင်းရွာ သုံးရွာရှိ ရေတွင်း ရေကန်များကို ရေသန့်ဆေးများ ခတ်ပေးခြင်း၊ ရေသန့်စင်ဆေးပြား ၇၀၀ ဖြန့်ဝေပေးခြင်း၊ ပြည်သူများအား ကျန်းမာရေး ပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

မုန်တိုင်းအလွန်ကာလ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပေါက်တောမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ နှစ်ဖွဲ့၊ ရသေ့တောင်မြို့နယ်တွင် အရေးပေါ်တုံ့ ပြန်ရေးအဖွဲ့ နှစ်ဖွဲ့၊ ကျောက်တော်မြို့နယ်တွင် အထူးကုဆေး အဖွဲ့တစ်ဖွဲ့၊ မင်းပြားမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေး အဖွဲ့တစ်ဖွဲ့နှင့် အထူးကုဆေးအဖွဲ့တစ်ဖွဲ့၊ မောင်တောမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ တစ်ဖွဲ့၊ ဘူးသီးတောင်မြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေး အဖွဲ့တစ်ဖွဲ့နှင့် မြေပုံမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ တစ်ဖွဲ့တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေကန်များ၌ ရေသန့်ဆေးများ ခတ်ခဲ့ပြီး ကူးစက်ရောဂါမဖြစ်ပွားစေရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် ရေတွင်းရေကန်များအား ကလိုရင်းဆေးခတ်ပေးခြင်းနှင့် ကျန်းမာရေး ပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

### ပြန်လည်ထူထောင်ရေး

မုန်တိုင်းဝင်ရောက်ပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တပ်မတော်နှင့် နိုင်ငံတော်က ပြင်းပြင်းထန်ထန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။ ထိုသို့ဆောင်ရွက်ရာတွင်လည်း ဦးစားပေးအလိုက် ကျောင်းဖွင့်ရာသီ ဖြစ်သည်နှင့်အညီ ကျောင်းသား ကျောင်းသူများ အချိန်မီ စာသင်ကြားနိုင်ရန် စာသင်ကျောင်းများကို အမြန်ဆုံး ပြုပြင်ပေးခဲ့သည်။ ပုံမှန်ကျောင်းဖွင့်ရက်ဖြစ်သော ဇွန်လ ၁ ရက်နေ့တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ပျက်စီးမှုဆိုးရွားသော ကျောင်းများအား ကျောင်းဖွင့်ပြီး ၁၇ ရက်အကြာတွင် ရခိုင်ပြည်နယ်အတွင်းရှိ ကျောင်းများအားလုံး ဖွင့်လှစ်နိုင်ခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် ရခိုင်ပြည်နယ်တွင် ကျောင်းအပ်နှံမှုအများဆုံး ပြည်နယ်အဆင့်အထိ ရောက်ရှိခဲ့သည်။

ကျန်းမာရေး ကဏ္ဍတွင်လည်း ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာန၊ ဝန်ထမ်းအိမ်ရာ၊ ဆေးရုံသုံးစက်ကိရိယာ၊ ဆေးဝါးနှင့် ပရိဘောဂပျက်စီးမှုများကို ပြန်လည်ပြုပြင် ဖြည့်ဆည်းပေးခဲ့ပြီး ထိခိုက်ခံစားလွယ်သူများအတွက် ရွေ့လျားဆေးခန်းများ၊ ယာယီကျန်းမာရေး ဝန်ဆောင်မှုပေးခြင်းများ၊ ကလေးသူငယ်များအား ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ထိုးနှံခြင်းများ၊ အာဟာရကျွေးမွေးခြင်းများကို ဆောင်ရွက်ခဲ့သည်။ ကူးစက်ရောဂါများ မဖြစ်ပွားစေရန် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် မိလ္လာစနစ်ကောင်းမွန်စေရေး ဆောင်ရွက်ပေးခဲ့သည်။

အခြေခံ အဆောက်အအုံများဖြစ်သည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ခြင်း၊ ရေငန်တားတမံများ ပြန်လည်ပြုပြင်ခြင်း၊ လျှပ်စစ်မီးတိုင်များ ပြန်လည်စိုက်ထူခြင်း၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးခြင်း၊ ဆက်သွယ်ရေးလိုင်းများ ပြန်လည်ကောင်းမွန်ရေး စသည်ဖြင့် အခြေခံလိုအပ်ချက်များကို အချိန်တိုအတွင်း ပြန်လည်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လူ့အသက်ထက် အရေးကြီးတာ ဘာမှုမရှိ၊ မည်သူတစ်ဦးတစ်ယောက်မျှမကျန်ရှိစေရေး၊ မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရေး စသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို မူဝါဒအဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် မုန်တိုင်းဖြစ်ပွားပြီး ခြောက်လအကြာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် အဆင့်အထိရောက်ရှိခဲ့သည်။

### ထိခိုက်သေဆုံးမှုနည်းပါး

ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုကောင်းမွန်ခဲ့သည့်အတွက် မုန်တိုင်းကြောင့် ထိခိုက်သေဆုံးရသည့် အရေအတွက်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၁၄၈ ဦးသာရှိခဲ့သည်။ မုန်တိုင်းအဆင့်နှင့် နှိုင်းယှဉ်ပါက သေဆုံးမှု အလွန်နည်းပါးသည်ကို တွေ့ရသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် နိုင်ငံတစ်ဝန်းမည်သည့်ဒေသတွင်မဆို မိမိတို့သွေးချင်းများ မည်ကဲ့သို့သော ဘေးအန္တရာယ်များကျရောက်စေကာမူ ကူညီကယ်ဆယ်စောင့်ရှောက်ပေးရမည်မှာ နိုင်ငံတော်၏ တာဝန်ဟုခံယူကာ လက်ရှိနိုင်ငံတာဝန်ကိုယူထားသော အစိုးရက စိတ်စေတနာ အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။

မုန်တိုင်းပြီးလျှင် လေပြည်လေညင်း ရောက်လာမည်ဟု ထင်ထားသော်လည်း မိုခါမုန်တိုင်းဝင်ရောက်ပြီး ခုနစ်လအကြာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ မူလအခြေအနေထက် သာလွန်ကောင်းမွန်ချိန်တွင် မိမိတို့သွေးချင်းညီအစ်ကိုများ မိမိတို့အိုးအိမ်တိုက်တာများကို စွန့်ခွာနေရခြင်းကို စိတ်မကောင်းဖြစ်ရသည်မှတစ်ပါး ပြောစရာစကားမရှိတော့ပြီ။ ။





**လျှပ်စစ်မီးဖြန့်ဖြူးပေး**

မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ကျောက်တော်မြို့၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှု အခက်အခဲဖြစ်ပေါ်ခဲ့ရသော်လည်း နိုင်ငံတော်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် လျှပ်စစ်မီး ပြန်လည်ပေးနိုင်ခဲ့မှုကို တွေ့ရစဉ်။



**သောက်သုံးရေဖြန့်ဖြူးပေး**

ဒေသခံပြည်သူများ သောက်သုံးရေ အခက်အခဲမရှိစေရန် တပ်မတော်မှ ရွေ့လျားရေသန့်စက်ယာဉ်ဖြင့် သောက်သုံးရေများ ဖြန့်ဖြူးပေးမှုကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့တွင်ကျင်းပသည့် (၁၃)ကြိမ်မြောက် နျူကလီးယားနည်းပညာ အခြေခံသည့် ဆန်းသစ်တီထွင်မှု ဖိုရမ်(၂၀၂၄) (XIII International Forum ATOMEXPO 2024 ) ပထမနေ့သို့ တက်ရောက်

**နေပြည်တော် မတ် ၂၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ တာဝန်ရှိသူများနှင့်အတူ မတ် ၂၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့တွင် ကျင်းပသည့် (၁၃) ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၄) (XIII International Forum ATOMEXPO 2024 ) ပထမနေ့ အခမ်းအနားသို့ တက်ရောက်ကြသည်။

**ကြည့်ရှုလေ့လာ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တက်ရောက်လာကြသူများ နှင့်အတူ (၁၃)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၄)တွင် ခင်းကျင်းပြသထားသည့် နိုင်ငံတကာမှ နျူကလီးယားနှင့် ပတ်သက်ဆက်စပ်သော ပြခန်းများကို လိုက်လံကြည့်ရှု လေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် (၁၃) ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှု ဖိုရမ်(၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ လည်းကောင်း၊ ၂၀၂၄ ခုနှစ် ဖိုရမ်၏ အဓိက မျက်နှာစုံညီအစည်းအဝေး( Plenary Session ) တွင် "သန့်ရှင်းသောစွမ်းအင် - အနာဂတ်ကို အတူတကွဖန်တီးခြင်း" 

ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်း အစီအစဉ်သို့ လည်းကောင်း တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် NovaWind JSC ကုမ္ပဏီမှ Director General - Grigory Nazarov နှင့် မြန်မာနိုင်ငံအတွင်း ရင်နီးမြှုပ်နှံ ဆောင်ရွက်မည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ဖြစ်သော လေအားနှင့် အသေးစားရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့်ပတ်သက်၍ လည်းကောင်း၊ JSC Rusatom Energy Projects ကုမ္ပဏီမှ Director General- Andrey Rozhdestvin နှင့် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးကြသည်။

**ပါဝင်ပြသ**

(၁၃)ကြိမ်မြောက် နျူကလီးယားနည်းပညာ အခြေခံသည့် ဆန်းသစ်တီထွင်မှု ဖိုရမ် (၂၀၂၄) သည် ခေတ်မီနျူကလီးယားစွမ်းအင်လုပ်ငန်း၏ ကဏ္ဍပေါင်းစုံနှင့် ၎င်း၏နောက်ထပ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကဏ္ဍများကို ဆွေးနွေးရန်ဖြစ်ပြီး ကမ္ဘာ့နျူကလီးယားစွမ်းအင်လုပ်ငန်းမှ ခေါင်းဆောင်များ၊ နိုင်ငံတကာကိုယ်စားလှယ်များ၊ ရုရှားနှင့် နိုင်ငံခြားကုမ္ပဏီများ၊ နျူကလီးယားနယ်ပယ်မှ အဓိက ကျွမ်းကျင်သူများ ပါဝင်ကြသည်။ အစဉ်အလာအားဖြင့် ဖိုရမ်အစီအစဉ်သည် နိုင်ငံတကာကွန်ဂရက်တစ်ခုနှင့် နျူကလီးယားနှင့် ဆက်စပ်စက်မှု လုပ်ငန်းများအတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ရောင်းချသူများမှ ခင်းကျင်း ပါဝင်ပြသကြကြောင်းနှင့် ကမ္ဘာ့နျူကလီးယား လုပ်ငန်း၏ ဆိုင်းငံ့ထားသော ပြဿနာများကို ဆွေးနွေးရန်ရည်ရွယ်သည့် နိုင်ငံတကာ ညီလာခံတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ Introduction Course on WTO (Principles and General Rules) သင်တန်း၊ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၄)နှင့် ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲများသို့ တက်ရောက်

**နေပြည်တော် မတ် ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ မိတ်ဆက်သင်တန်း Introduction Course on WTO (Principles and General Rules)၊ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၄) နှင့် ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲများကို နေပြည်တော် ရုံးအမှတ်-၃ ၌ ယနေ့မွန်းလွဲ၂ နာရီက ကျင်းပသည်။

**စဉ်ဆက်မပြတ်လေ့လာ**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေး၏ သမိုင်းကြောင်းများ၊ မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများ၊ သဘောတူညီချက်များကို သိရှိနားလည်ပြီး လုပ်ငန်းခွင်အတွင်း အသုံးပြုနိုင်ရေးအတွက် သင်တန်းများ ပို့ချပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ အလားတူ အင်္ဂလိပ်ဘာသာစကား အရေး၊ အဖတ်၊ အပြော၊ နားထောင်မှုစွမ်းရည်များ တိုးတက်ရန် အင်္ဂလိပ်စာသင်တန်းကိုပါ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ပို့ကုန်သွင်းကုန်မူဝါဒများ သိရှိနားလည်မှ လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သင်တန်းမှပို့ချသော နည်းစနစ်များ၊ သင်ခန်းစာများကို အမြဲပြု၍ ဆက်လက်လေ့လာရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စဉ်ဆက်မပြတ် လေ့လာနိုင်ရန်လိုကြောင်း၊ သင်ယူလေ့လာခြင်းမှ ပိုမိုတတ်သိသောမျိုးဆက်သစ်များဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။



ဆက်လက်၍ သင်တန်းသားထူးချွန်ဆုများ ချီးမြှင့်ရာ Introduction Course on WTO (Principles and General Rules) သင်တန်းမှ ဆုရသင်တန်းသားများကို ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၁/၂၀၂၄) မှ ဆုရသင်တန်းသားများကို ဒုတိယဝန်ကြီး ဦးမင်းမင်းက လည်းကောင်း၊ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄)မှ ဆုရသင်တန်းသားများကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များနှင့် နည်းပြဂုဏ်ပြုမှတ်တမ်းများကို ကုန်သွယ်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်က လည်းကောင်း ချီးမြှင့်သည်။

**တက်ရောက်**

သင်တန်းဆင်းပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူ ၁၁၅ ဦးတို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးသည် ဆုရသင်တန်းသားသင်တန်းသူများနှင့်အတူ လန်းဆန်းစာများကို သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ ဘွဲ့ကြို သင်တန်းများနှင့် ဘွဲ့လွန်သင်တန်းများ၏စာမေးပွဲများ စစ်ဆေးပြီးစီး

**သန်လျင် မတ် ၂၆**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ် (ပထမနှစ်ဝက်)သင်တန်းနှင့် ဒုတိယနှစ် (ပထမနှစ်ဝက်)သင်တန်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာတန်း(ပထမနှစ်) ဒုတိယနှစ်ဝက် သင်တန်းများ၏ ကွန်ပျူတာလက်တွေ့စာမေးပွဲများကို ၁၈-၃-၂၀၂၄ ရက်နေ့မှ ၁၉-၃-၂၀၂၄ ရက်နေ့အထိ လည်းကောင်း၊ ရေးဖြေစာမေးပွဲများကို ၁၈-၃-၂၀၂၄ ရက်နေ့မှ ၂၆-၃-၂၀၂၄ ရက်နေ့အထိ လည်းကောင်း တက္ကသိုလ်လုံခြုံရေးစီမံချက်ပါ အစီအမံများနှင့်အညီ အဆင်ပြေချောမွေ့စွာ စစ်ဆေးပြီးစီးကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့နယ်၌ ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၌ ကင်းထောက်လူငယ်သင်တန်း ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ဦးဘလွင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး တင်ထွန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသား ကင်းထောက်ကြီး ဦးညဏ်ထွန်းဦးက ကင်းထောက်၏ အစပြုပုံ၊ လုပ်ငန်းတာဝန်များနှင့်အတူ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် အ.ထ.က(၂) ဒဂုံ ကျောင်းအုပ်ဆရာကြီးက ကင်းထောက်၏ အရေးပါပုံ၊ သမိုင်းကြောင်းများနှင့် ကင်းထောက်လူငယ်သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ကင်းထောက် သမိုင်းကြောင်း ဗီဒီယိုမှတ်တမ်းနှင့် ကင်းထောက်နည်းပြသင်တန်း ဖွင့်လှစ်ဆောင်ရွက်ခဲ့မှု မှတ်တမ်းတို့ကို ပြသသည်။



ဆက်လက်၍အ.ထ.က(၂)ဒဂုံ ကင်းထောက်လူငယ်များမှ "ကင်းထောက်များရဲ့ ရှေ့သို့ခြေလှမ်း" သီချင်းဖြင့် သရုပ်ပြဂုဏ်ပြုသီဆိုကြပြီး ကင်းထောက်အဖွဲ့များက အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**ဒဂုံမြို့နယ်(ပြန်/ဆက်)**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နတ်တလင်းမြို့ ပြည်သူ့ဆေးရုံ၏ (၂)ထပ်ကုသဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၆**

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နတ်တလင်းမြို့ ပြည်သူ့ဆေးရုံ၏ (၂)ထပ်ကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအသီးသီးမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး၊ ကျန်းမာရေးဝန်ထမ်းများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က (၂)ထပ်ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး**(အပေါ်ယာပုံ)** ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တာဝန်ရှိသူများနှင့်အတူ (၂)ထပ် ကုသဆောင်သစ် မြေညီထပ်တွင်ရှိသည့် ပြင်ပလူနာဌာန၊ ဆေးပေးခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ သွားနှင့်ခံတွင်း ပြင်ပလူနာဌာန၊ ဆေးသိုလှောင်ခန်းသို့ လည်းကောင်း၊ ပထမထပ်ရှိခွဲစိတ်ခန်းများနှင့် သံဃာတော်များအခန်းသို့လည်းကောင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ (၂)ထပ် ကုသဆောင်သစ်ရှေ့ရှိ ယာယီမဏ္ဍပ်တွင် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကောင်းမွန်စေရေးအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကလည်း ဆေးရုံများ ဥပဓိရုပ်ကောင်းမွန်ရေးအပါအဝင် အနီးကပ် ပံ့ပိုးပေးလျက်ရှိပြီး ယခုနတ်တလင်းမြို့ ပြည်သူ့ဆေးရုံအဆောက်အအုံကိုလည်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး၌ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီး ၂ ရုံ၊ ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီး (၁)ရုံ ဖွင့်လှစ်ထားရှိပြီး အထူးကုဘာသာရပ်များ စုံလင်စွာ ဖွင့်လှစ်ကုသမှုပေးလျက်ရှိပါကြောင်း၊ ဓာတ်မှန်ရိုက်ခြင်းများ၊ ဓာတ်ခွဲစစ်ဆေးခြင်းများကို မြို့နယ်ဆေးရုံများသာမက တိုက်နယ်ဆေးရုံများအထိ ပိုမိုတိုးတက်စွာ ဆောင်ရွက်လျက်ရှိပြီး လူနာများ ဆေးကုသမှုကုန်ကျစရိတ် လျော့နည်းစေရေးအတွက် ရန်ပုံငွေများ ခွဲဝေချထားပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျေးလက်နေလူထုက ပိုမိုများပြား၍ ကုသရေးလုပ်ငန်းများတွင်လည်း မြို့နယ်နှင့် တိုက်နယ်ဆေးရုံများသည် ပြည်သူများ ရှေးဦးစွာ လာရောက်ကုသမှုဆောင်ရွက်သည့် အနီးဆုံးနေရာများတွင် တည်ရှိသောကြောင့် မြန်မာနိုင်ငံ၏ လူဦးရေအများအပြားကို လွှမ်းခြုံ၍ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ အရည်အသွေးကောင်းမွန် ကျယ်ဝန်းသည့် (၂)ထပ်ကုသဆောင်သစ်ကို ဖွင့်လှစ်နိုင်ခြင်းကြောင့် နတ်တလင်းမြို့နယ်အတွင်းရှိ ပြည်သူလူထုသာမက အနီးပတ်ဝန်းကျင်ရှိ မြို့နယ်များမှ လူနာများပါ စိတ်ချမ်းသာစွာဖြင့် ဆေးကုသမှုခံယူနိုင်ကြမည်ဖြစ်ပါကြောင်း၊ ယခုအဆောက်အအုံသစ် အောင်မြင်စွာ တည်ဆောက်ပြီးစီးစေရေး ပံ့ပိုးကူညီခဲ့ကြသည့် တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုအဆောက်အအုံကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိမ်းသိမ်းစောင့်ရှောက်ကြရန်၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

### ရှင်းလင်းပြောကြား

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က (၂)ထပ်ကုသဆောင်သစ် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟက ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို နေရာအရောက်ပေးအပ်သည်။

နတ်တလင်းမြို့ ပြည်သူ့ဆေးရုံ၏ (၂)ထပ်ကုသဆောင်သစ်သည် ပေ ၂၃၀၊ ပေ ၅၀ အကျယ်အဝန်းရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၁)အား လုပ်ငန်းအပ်နှံကာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၂၄ ခုနှစ် မတ်လတွင် လုပ်ငန်းများပြီးစီးခဲ့ကြောင်း၊ စီမံကိန်းတန်ဖိုးငွေ ကျပ်သိန်း (၁၈၂၉ ဒသမ ၉၇) သိန်း ကုန်ကျခဲ့ပြီး မြေညီထပ်တွင် အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးမှတ်တမ်းအခန်း၊ ဆေးပေးခန်း၊ သွားနှင့်ခံတွင်း ပြင်ပလူနာဌာန၊ ပထမထပ်တွင် ခွဲစိတ်ခန်း (၃)ခန်း၊ သံဃာတော်များ အခန်းနှင့် အထူးခန်း (၄)ခန်း ပါဝင်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ အသင်းသား အသင်းသူများ စုပေါင်းသွေးလှူဒါန်းပွဲများကျင်းပ

**ရန်ကုန် မတ် ၂၆**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)၏ဦးဆောင်မှု၊ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကျင်းပသည်။

### စုပေါင်းသွေးလှူဒါန်း

အခမ်းအနားသို့ ဆေးရုံကြီးတပ်မှူး၊ တပ်မတော်အရာရှိကြီးများနှင့်အတူ ဝိုင်အမ်ဘီအေ(ဗဟို) တွဲဖက်ဘဏ္ဍာရေးမှူး ဦးမြင့်သူ၊ တိုင်းဒေသကြီး ဝိုင်အမ်ဘီအေ အသင်းဥက္ကဋ္ဌ ဦးသန့်စင်၊ အတွင်းရေးမှူး ဦးထင်ကျော်မိုးနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များမှ ဥက္ကဋ္ဌများ တက်ရောက်ကြပြီး အင်းစိန်၊ မရမ်းကုန်း၊ မြောက်ဥက္ကလာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်များမှ အသင်းသား အသင်းသူ ၅၀ တို့က စုပေါင်းသွေးလှူဒါန်းကြရာ ဆေးရုံကြီးတပ်မှူးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဖြည့်စွက်အာဟာရများ ပြန်လည်ပေးအပ်ကာ သွေးလှူရှင်များအား အလှူရှင် ဦးကျော်ဝင်း မိသားစုနှင့် တေးသံရှင် ရွှေဖြူနန်းနွယ်က စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကြသည်။



အလားတူ နယ်မြေခံ တပ်မတော်ဆေးရုံကြီးတို့တွင် ပဲခူးတိုင်းဒေသကြီး ဝိုင်အမ်ဘီအေအသင်း ဥက္ကဋ္ဌ ဦးလှတင်ဦး ဦးဆောင်သော အသင်းဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ဝိုင်အမ်ဘီအေ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင် ဦးမင်းမြတ်ဦးနှင့် အဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြသည်။

### ဂုဏ်ပြုချီးမြှင့်

ထို့အတူ မွန်ပြည်နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)နှင့် မော်လမြိုင်၊ မုဒုံ၊ ကျိုက်မရောမြို့နယ်များမှ အသင်းသူ အသင်းသား ၇၅ ဦးတို့က ယနေ့ နံနက် ၉ နာရီတွင် မော်လမြိုင် ပြည်သူ့ဆေးရုံကြီးနှင့် နယ်မြေခံ တပ်မတော်ဆေးရုံတွင် တစ်ပြိုင်တည်း သွေးလှူဒါန်းကြရာ သွေးလှူဒါန်းပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်ဆေးရုံကြီး တပ်မှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ် YMBA အသင်းဥက္ကဋ္ဌ ဦးကြည်သိန်း၊ တွဲဖက်ဥက္ကဋ္ဌ ဦးအောင်မိုးနှင့် အလုပ်အမှုဆောင်များ တက်ရောက်အားပေးကြပြီး သွေးလှူဒါန်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများ ဂုဏ်ပြုချီးမြှင့်ပေးအပ်သည်။ **(ဓါတ်ပုံ)**

ထို့ပြင် ရှမ်းပြည်နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) ၏ စုပေါင်းသွေးလှူဒါန်းပွဲကို တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) မှ အသင်းသား အသင်းသူများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းဆေးရုံတွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ အသင်းသား အသင်းသူများ၏ သွေးလှူဒါန်းပွဲကို ကျောက်ဆည်ပြည်သူ့ဆေးရုံကြီး၌ လည်းကောင်း ကျင်းပပြုလုပ်ခဲ့ကြပြီး သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ YMBA အသင်းဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ ဆေးရုံအုပ်ကြီးများ၊ တာဝန်ရှိသူများက သွေးလှူရှင်များအား သွားရောက်ကြည့်ရှုအားပေးကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဝေါမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ဝေါ မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၂၆ ရက် နံနက် ၁၀ နာရီက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ကျင်းပသည်။

ရှေးဦးစွာ ပဲခူးခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဝင်းထွန်းအောင်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းကိုကိုက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးပေးပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **အောင်မြတ်လင်း(ပြန်/ဆက်)**



# နေပြည်တော်ကို ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၆**

နေပြည်တော်ကို ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကဥက္ကဋ္ဌများ၊ Pioneer Airodrome Services Co., Ltd နှင့် လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ ခရီးသွားကုမ္ပဏီများ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်ပြီး ပြည်တွင်းပြည်ပ ခရီးသွားများအတွက် ကားလမ်းခရီး၊ ရထားလမ်းခရီးသာမက လေကြောင်းခရီးဖြင့်ပါ လွယ်ကူစွာ သွားလာလည်ပတ်နိုင်သည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတကာ အစည်းအဝေးများ၊ ညီလာခံများနှင့် ကုန်စည်ပြပွဲများ ကျင်းပရန် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာများ၊ နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများနှင့် တည်းခိုရိပ်သာများရှိသော နေပြည်တော်ကို MICE(Meetings, Incentives, Conferences, Exhibitions) ခရီးစဉ် ဒေသတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပါအဝင် ဘုရားပုထိုးစေတီများ၊ သဘာဝရှုမျှော်ခင်းများ၊ အပန်းဖြေဥယျာဉ်များနှင့် ပြတိုက်များ စသည်ဖြင့်ခရီးသွားဆွဲဆောင်ရာ နေရာ ၃၈ ခုရှိပါကြောင်း။

ထိုကဲ့သို့ အခြေခံကောင်း များစွာရှိသည့် နေပြည်တော်ကို ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုလာရောက်လည်ပတ်စေရန် ဈေးကွက်ရှာဖွေမြှင့်တင်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဆွဲဆောင်မှုပိုမိုကောင်းမွန်သော ဦးစားပေးနေရာများရွေးချယ်၍ ခရီးစဉ်လမ်းကြောင်းများရေးဆွဲခြင်း၊ Promotion Campaign အစီအစဉ်များ ရေးဆွဲခြင်းတို့ကို အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် ယနေ့ အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် နေပြည်တော်၏ ခရီးသွားမြှင့်တင်ရေး အစီအစဉ်နှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**



ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က နေပြည်တော်ကို ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်မည့်အစီအစဉ်များ၊ ခရီးသွား ဆွဲဆောင်ရာနေရာများ၊ Promotion Campaign အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများက နေပြည်တော်၏ ခရီးသွားမြှင့်တင်ရေး အစီအစဉ်နှင့် ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ချပြရှင်းလင်း



**ရန်ကုန် မတ် ၂၆**

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ချပြရှင်းလင်းခြင်းကို ယနေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ချပြရှင်းလင်းခြင်းသို့ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ (၁) ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ထွန်းထွန်းဦး၊ ဒုတိယဥက္ကဋ္ဌ (၂)လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူး ကြီးဝင်းတင့်၊ အတွင်းရေးမှူး တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်း၊တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်(၁)များ၊ စက်မှုဇုန်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး**(ဝဲပုံ)** ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယတိုင်းမှူးက လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ(၂) တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးကလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူးကလည်းကောင်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ချပြရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယ ဥက္ကဋ္ဌ(၂) ဗိုလ်မှူးကြီး ဝင်းတင့်က ဗဟိုအဖွဲ့သို့ တင်ပြရမည့် လျှောက်လွှာများ၊ စာရင်းဇယားများကို အချိန်မီ ပေးပို့နိုင်ရေး၊ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် ပြောကြားသည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**

## မက်မန်းမြို့၌ ရေစုကန်ဆောက်လုပ်နေမှု ၇၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီး

**မက်မန်း မတ် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) “ဝ” ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့၌ ပြည်နယ်ဖြည့်စွက်ရန်ပုံငွေဖြင့် ဂါလန် ၃၀၀၀၀ ဆံ့ မြို့ရေပေးဝေရေး ရေစုကန် ဆောက်လုပ်နေမှုကို မြို့နယ်တည်ဆောက်ရေး ကြီးကြပ်ရေးကော်မတီက မတ် ၂၄ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ မြို့ရေပေးဝေရေး ရေစုကန်ကို ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန၏ ဖြည့်စွက်ရန်ပုံငွေဖြင့် ရွှေမိုင်းပျဉ်းကုမ္ပဏီက ခွင့်ပြုရန်ပုံငွေကျပ် ၄၅၆ သိန်းဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အလျား ၂၅ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ၅ ပေ ခြောက်လက်မဖြင့် အာရ်စီ အမျိုးအစားကိုဆောက်လုပ်လျက်ရှိရာ အဆိုပါဆောက်လုပ်နေမှုကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီက ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

မြို့ရေပေးဝေရေး ရေစုကန်ဆောက်လုပ်နေမှုမှာ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အကုန်တွင် အပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။ **စောဥမ္မာ(မြန်/ဆက်)**

## အုတ်တွင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး

**အုတ်တွင်း မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အုတ်တွင်းမြို့နယ်အတွင်းရှိ Petro K စက်သုံးဆီဆိုင်နှင့် Red Star Energy စက်သုံးဆီဆိုင်ရှိ အလုပ်သမား ဝန်ထမ်းများနှင့် စက်သုံးဆီ လာရောက်ဝယ်ယူ သုံးစွဲသူပြည်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က သွားရောက်တွေ့ဆုံပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ စိုးရိမ်ထိတ်လန့်မှုများ မရှိစေရေး၊ လတ်တလော ဖြစ်ပေါ်နေသည့် ဥပဒေနှင့် ပတ်သက်သည့် ကောလာဟလ မဟုတ်မမှန် သတင်းများအပေါ် ယုံမှားသံသယ မဖြစ်ပေါ်စေရေးနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ပြည်သူ့စစ်မှုထမ်းတို့၏ အကျိုးခံစားခွင့်များ၊စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူ၊ ပြည်သူ့စစ်မှုထမ်းရန် ကာလ စသည်တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီနှင့်မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးမြင့်ဇော်တို့က ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အေမင်းရည်စော**
**(မြန်/ဆက်)**

## နတ်မောက်မြို့နယ်၌ တောမီးနှင့် မီးခိုးမြူငွေ့အကြောင်း လက်ကမ်းစာစောင်ဖြန့်ဝေ

**နတ်မောက် မတ် ၂၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် သစ်တောဦးစီးဌာနက ဦးဆောင်မှုဖြင့် တောမီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုကို ထိန်းချုပ်ကာကွယ်ခြင်း၊ မီးခိုးမြူငွေ့အကြောင်း သိကောင်းစရာနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို မတ် ၂၄ ရက်က မြို့မဈေး၊ ကားဂိတ်နှင့် လူစည်ကားရာနေရာများတွင် အများပြည်သူများ အသိပညာဗဟုသုတရရှိစေရန် ဖြန့်ဝေပေးသည်။**(ယာပုံ)**

အဆိုပါလက်ကမ်းစာစောင်တွင် နွေရာသီမီးခိုးမြူငွေ့၊ မီးခိုးမြူငွေ့ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ မီးခိုးမြူငွေ့ကြောင့် ဖြစ်ပေါ်စေသော ဆိုးကျိုးများ၊ မီးခိုးမြူငွေ့တွင် ပါဝင်သောအရာများ၊ တောမီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့၊ တောမီးလောင်ကျွမ်းမှုကြောင့် ထိခိုက်မှုများ၊ တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်လျှော့ချခြင်း လက်ကမ်းစာစောင်များကို မြို့နယ်သစ်တောဦးစီးဌာနရှိ ဝန်ထမ်းများက လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လှဝင်း**





# မြန်မာနိုင်ငံ သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်အား တရုတ်သံအမတ်ကြီး Mr. Chen Hai သွားရောက်ဖူးမြော်ကြည်ညို

ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Chen Hai သည် မတ် ၂၆ ရက်တွင် ရန်ကုန်မြို့၌ မြန်မာနိုင်ငံ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရသော သန်လျင်မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ပြီး အဆိုပါတွေ့ဆုံပွဲသို့ သံရုံးမှ သံမှူး Mr. Pan Feng၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဦးစိန်မော်၊ မြန်မာ-တရုတ် ဗုဒ္ဓဘာသာချစ်ကြည်နီးနှောဖလှယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့လည်း တက်ရောက်ခဲ့သည်။

သံအမတ်ကြီး Mr. Chen Hai က သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခြင်းအတွက် တရုတ်ဗုဒ္ဓဘာသာအသင်း၏ ဂုဏ်ပြုလွှာကို လွှဲပြောင်းပေးအပ်ခဲ့သည်။ သံအမတ်ကြီး Mr. Chen Hai က တရုတ်-မြန်မာနှစ်နိုင်ငံသည် တောတောင်ရေမြေချင်းဆက်စပ်လျက်ရှိပြီး ဗုဒ္ဓဘာသာကူးလူးဖလှယ်မှု သမိုင်းကြောင်းကြာရှည်ကြောင်း၊ တရုတ်နိုင်ငံက နှစ်နိုင်ငံ ဗုဒ္ဓဘာသာကူးလူးဖလှယ်မှုကို အလွန်အလေးထားကြောင်း၊ လတ်တလောနှစ်ပိုင်းတွင် မြန်မာနိုင်ငံနှင့်အတူလက်တွဲ၍ ပုဂံသဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းခြင်း၊ ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော် ဆံတော်တိုက် လုံခြုံရေးမှန်တံခါးနှင့် အတွင်းနံရံများ Polycarbonate တပ်ဆင်ခြင်း စသည့်စီမံကိန်းများကို ကူညီလုပ်ဆောင်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးကလည်း မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဘုရားကျောင်းများအတွက် ကပ်ရောဂါတိုက်ဖျက်ရေးပစ္စည်းများ လှူဒါန်းပေးအပ်ခဲ့ကြောင်း၊ ၎င်းတို့သည် တရုတ်-မြန်မာနှစ်နိုင်ငံ၏ အပြန်အလှန်ဖေးမကူညီသော အေးအတူပူအမျှ အသိုက်အဝန်း စိတ်ဓာတ်ကို ထင်ဟပ်စေကြောင်း၊ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီးသည် တရုတ်-မြန်မာ ဗုဒ္ဓဘာသာကူးလူးဖလှယ်မှုကို အမြဲတစေ အလေးထားကြောင်း၊ ကိုယ်စားလှယ်အဖွဲ့ ဦးဆောင်ကာ တရုတ်နိုင်ငံသို့သွားရောက်၍ ပဉ္စမအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ် တက်ရောက်ခဲ့ဖူးကြောင်း၊ သန်လျင်မင်းကျောင်း ဆရာတော်ဘုရားကြီးနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဂရုပြုထောက်ခံအားပေးမှုဖြင့် နှစ်နိုင်ငံက ဗုဒ္ဓဘာသာကူးလူးဖလှယ် ပူးပေါင်းဆောင်ရွက်မှုတွင် တစ်ဆင့်တိုးခိုင်မြဲတိုးတက်လာပြီး တရုတ်-မြန်မာ အေးအတူပူအမျှအသိုက်အဝန်း တည်ဆောက်မှုအတွက် တစ်တပ်တစ်အား အကျိုးထမ်းဆောင်ပေးမည်ဟု ယုံကြည်ကြောင်း လျှောက်ထားခဲ့သည်။

သန်လျင်မင်းကျောင်း ဆရာတော်ဘုရားကြီးက တရုတ်နိုင်ငံမှ မိမိတာဝန်ထမ်းဆောင်မှုကို ဂုဏ်ပြုခြင်းနှင့် လတ်တလောနှစ်ပိုင်းအတွင်း မြန်မာနိုင်ငံ ကပ်ရောဂါတိုက်ဖျက်ရေးနှင့် လူမှုရေးပြည်သူ့ဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်တိုက်အားတိုက်ကူညီပေးမှုများကို ကျေးဇူးတင်ရှိကြောင်းနှင့် မိမိအကြိမ်များစွာ တရုတ်နိုင်ငံသို့ ခရီးစဉ်သွားရောက်ခဲ့သည့် အတွေ့အကြုံကို ပြန်လည်မြွက်ကြားတော်မူခဲ့ပြီး မြန်မာ-တရုတ်နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်း၊ ဆွေမျိုးပေါက်ဖော်ကောင်းဖြစ်ပြီး နက်ရှိုင်းစွာ ဗုဒ္ဓဘာသာ ကူးလူးဖလှယ်မှုရှိကြောင်း၊ ဗုဒ္ဓဘာသာသည် နှစ်နိုင်ငံပြည်သူများ စိတ်နှလုံးကိုချိတ်ဆက်ပေးသည့် အရေးပါပေါင်းကူးတံတားဖြစ်ကြောင်း၊ မိမိကိုယ်တိုင်သည်လည်း မြန်မာနိုင်ငံ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် ဗုဒ္ဓဘာသာဝင်များကိုဦးဆောင်၍ မြန်မာ-တရုတ်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်ကာ မြန်မာ-တရုတ် နှစ်ထောင်ချီ ဗုဒ္ဓဘာသာကူးလူးဖလှယ်မှုကို လက်ဆင့်ကမ်းရေးအတွက် တက်ကြွသည့်အခန်းကဏ္ဍမှ ပါဝင်သွားမည်ဖြစ်ကြောင်း မြွက်ကြားတော်မူခဲ့သည်။ **သီရိ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

## နံ့သာသွေးပွဲ၊ ဘုရားရေသပ္ပာယ်ပွဲ၊ သက်ကြီးပူဇော်ပွဲများ ဆောင်ရွက်သွားမည်

စစ်တွေ မတ် ၂၆

၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်း အစည်းအဝေးတွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပနိုင်ရေး ဦးစီးကော်မတီနာယက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်ကြောင်း၊ မဟာသင်္ကြန်ပွဲတော်ကို အကျဉ်းချုပ်ပြီး ရိုးရာအစဉ်အလာမပျက် ကျင်းပနိုင်ရေး ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း၊ သို့သော်လည်း မဖြစ်မနေဆောင်ရွက်ရမည့် နံ့သာသွေးပွဲ၊ ဘုရားရေသပ္ပာယ်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် အန္တရာယ်ကင်း ပရိတ်တရားနာယူပွဲများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲနှင့် ပိတ်ပွဲများကို ယခင်နှစ်များအတိုင်း ပြုလုပ်သွားမည်ဖြစ်ပြီး နံနက်ပိုင်းတွင် ဥပုသ်သီလ ဆောက်တည်ကြပြီး ဆွမ်းဆက်ကပ် လှူဒါန်းခြင်းများကို ပြုလုပ်ကြမည်ဖြစ်ကြောင်း၊ ညနေခင်းတွင် ဖြေဖျော်ရေးအစီအစဉ်များဖြင့် သင်္ကြန်ပွဲတော်ကို ဆင်နွှဲသွားကြမည် ဖြစ်ကြောင်း၊ အလားတူ ရခိုင်ရိုးရာအစဉ်အလာမပျက် လောင်းလှေများဖြင့် သင်္ကြန်ပွဲတော်ကို ကျင်းပနိုင်ရေးနှင့် ရေကစားမဏ္ဍပ်များဖြင့် ရေကစားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖျော်ဖြေရေး ကဏ္ဍတွင် ဝန်ကြီးဌာနအလိုက် နံ့သာသွေးအဖွဲ့များနှင့် ယိမ်းအကအဖွဲ့များက ဖျော်ဖြေသွားကြမည် ဖြစ်ကြောင်း၊ ကော်မတီဝင်များ အနေဖြင့် မိမိတို့ကော်မတီအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မိမိတို့ လုပ်ငန်းကော်မတီအလိုက် လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားကာ နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **တင်ထွန်း(ပြန်/ဆက်)**



# ရွှေပြည်သာမြို့နယ်ရှိ ယာယီတိုက်ပွဲရှောင်များအား ထောက်ပံ့

ရွှေပြည်သာ မတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ယာယီတိုက်ပွဲရှောင်များအား ဆန်များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေပြည်သာမြို့နယ်အတွင်း နေထိုင်လျက်ရှိသော တိုင်းဒေသကြီး/ပြည်နယ်များမှ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စု ၁၉ စု လူဦးရေ ၅၁ ဦးတို့အား တစ်ဦးလျှင် တစ်ရက်ဆန်နှစ်ဘူးနှုန်းဖြင့် သုံးလစာအတွက် ဆန် ၄၈ အိတ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး သိန်းလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးညွန့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **နေမျိုးထွန်း(ပြန်/ဆက်)**

# သီပေါမြို့နယ်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရရှိသည့် ဆရာတော်သံဃာတော်များနှင့် သီလရှင်များကို ဂုဏ်ပြုကြိုဆို

သီပေါ မတ် ၂၆

နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသော ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တမိလိန္ဒ အရှင်သူမြတ်သည် တပေါင်းလပြည့်နေ့က နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိ သာသနဝိမာန်တော်ကြီး၌ ကျင်းပသော ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲသို့ ကြွရောက်၍ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို အလှူခံရယူပြီး ယနေ့ မွန်းလွဲပိုင်းတွင် သီပေါမြို့နယ်သို့ ပြန်လည်ကြွရောက်တော်မူသည်။



ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှင့်အဖွဲ့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်သူ၊ နယ်သားများက ယဉ်ကျေးမှု ရှမ်းအိုးစည်ဗုံမောင်းများဖြင့် မန္တလေး၊ လားရှိုး ပြည်ထောင်စုလမ်းမကြီး ဆွတ်လန်းကျေးရွာမှ စည်ကားသိုက်မြိုက်စွာ ကြိုဆိုဂုဏ်ပြုပူဇော်ကြသည်။

ဆက်လက်၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့် အဆောင်အယောင်များကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကိုင်ဆောင်ပြီး မြို့တွင်းသို့ လှည့်လည်အပူဇော်ခံရာ ရပ်ကွက်ပြည်သူများ ဖူးမြော်ကြည်ညိုကြသည်။

ထို့ပြင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ နမ့်လန်ဒက္ခိဏာရာမကျောင်းတိုက်မှ သံဃာတော်ဘဒ္ဒန္တဥတ္တမ၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရေဟော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တမဏိသာရ၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ လွယ်မုပ်တောင်စခန်း ရွှေမောင်းသီလရှင်စာသင်တိုက်မှ သာသနဝံ့ဝင် သီလရှင်ဆရာကြီး ဒေါ်ဘဒ္ဒဝတီတို့ သုံးပါးအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆက်လက်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အလှူခံရယူခဲ့ပြီး ယမန်နေ့က ဂုဏ်ပြုကြိုဆိုပူဇော်ပွဲ ကျင်းပခဲ့သည်။

**စိုင်း(သီပေါ)**

## ထားဝယ်ထောင်၌ အကျဉ်းသား ၂၀ ကျော် တိုက်ပိတ်ခံထားရဟု မဟုတ်မမှန် လုပ်ကြံရေးသား

နေပြည်တော် မတ် ၂၆

ထားဝယ်အကျဉ်းထောင်တွင် လက်ကိုင်ဖုန်းတွေ့ရှိသည့် အကြောင်းပြချက်ဖြင့် နိုင်ငံရေးအကျဉ်းသားအပါအဝင် အကျဉ်းသား ၂၀ ကျော် ရိုက်နှက်တိုက်ပိတ်ခံထားရကြောင်း၊ ရိုက်နှက်စစ်ဆေးမှုကြောင့် အကျဉ်းသားတချို့ ခေါင်းကွဲဒဏ်ရာ၊ ခြေကျိုးဒဏ်ရာ၊ မျက်နှာဖူးရောင်ဒဏ်ရာ၊ ခန္ဓာကိုယ် အညိုအမည်းစွဲဒဏ်ရာများ ရရှိကြောင်း Myanmar Now Facebook Page က မတ် ၂၁ ရက်တွင် မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အကျဉ်းထောင်တာဝန်ရှိသူက ရှင်းလင်းရာတွင် ထားဝယ်အကျဉ်းထောင်၌ မတ် ၁၃ ရက်က အထူးရှာဖွေရေး ပြုလုပ်ခဲ့ရာ အကျဉ်းသား မိုးဦး(ဘ)ဦးညီလေးခိုင်ထံမှ လက်ကိုင်ဖုန်းတစ်လုံး၊ အကျဉ်းသား မောင်မောင်ပိုင် (ခ) ပိုင်ပိုင် (ဘ) ဦးခင်မောင်ထံမှ ဖုန်းတစ်လုံး၊ မတ် ၁၄ ရက်တွင် အကျဉ်းသား ဖြိုးမင်းကျော်(ခ)ဂန်သား (ဘ) ဦးအောင်ဝင်းနိုင်ထံမှ ဖုန်းတစ်လုံး၊ အကျဉ်းသား ဇွဲကိုကိုနိုင်(ဘ)ဦးငြိမ်းအေးမြင့်ထံမှ ဖုန်းတစ်လုံး၊ အကျဉ်းသား ဝင်းကျော် (ဘ) ဦးတင်ဝင်းထံမှ ဆင်းကတ်တစ်ခု၊ အကျဉ်းသား ထွန်းဦး(ခ) ထွန်းထွန်းဦး (ဘ) ဦးသန်းစိန် ထံမှ ဖုန်းတစ်လုံး ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် တားမြစ်ပိတ်ပင်ထားသည့် ပစ္စည်းများ လက်ဝယ်ထားရှိသူ၊ ပါဝင်ပတ်သက်သူ အကျဉ်းသား ရှစ်ဦးအား အကျဉ်းထောင် နည်းဥပဒေနှင့်အညီ တိုက်ပိတ်ပြစ်ဒဏ်ချမှတ်ခြင်းသာရှိပြီး ရိုက်နှက်ထိုးကြိတ်ခြင်း တစ်စုံတစ်ရာမရှိကြောင်း ပြောကြားသည်။ ယင်းအကျဉ်းသား ရှစ်ဦးတို့သည် အကြမ်းဖက်မှု၊ လက်နက်ကိုင်ဆောင်မှု၊ ပေါက်ကွဲစေမှု၊ လူသတ်မှု၊ မူးယစ်မှု၊ ခိုးပြတိုက်မှုတို့ဖြင့် နှစ်ကြီး ပြစ်ဒဏ်ချမှတ်ခြင်း ခံရသူများသာဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ Myanmar Now Facebook Page ၏ ဖော်ပြမှုသည် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေလိုသော သတင်းဖော်ပြမှုဖြစ်ပြီး ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် ထင်ယောင်ထင်မှား ဖြစ်စေရန် အဖျက်အမှောင့်ရည်ရွယ်ချက်ဖြင့် ရေးသားထားခြင်းဖြစ်သည်ဟု သိရသည်။

ဝေဝေဖြိုး

## ကောလင်းမြို့နယ် ပန်းတင်ကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် နေအိမ်များမီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၆

စစ်ကိုင်းတိုင်း ဒေသကြီး ကောလင်းမြို့နယ် ပန်းတင်ကျေးရွာကို မတ် ၂၅ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲ တိုက်ခိုက်ခြင်းကြောင့် နေအိမ်များ မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် စွပ်စွဲရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

KIA နှင့် PDF အမည်ခံ အကြမ်းဖက် သမားများသည် ကောလင်းမြို့မှ ဆုတ်ခွာ ထွက်ပြေးသွားပြီး နောက်တွင် ကောလင်းမြို့တွင်း၌ မိုင်းရှင်းလင်းခြင်းလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခြင်းနှင့် ကျေးရွာများအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခြင်းများကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် နေအိမ်များ မီးလောင်ပျက်စီးလျက်ရှိသည်။

ယခု ဖြစ်စဉ်သည်လည်း ကောလင်း မြို့နယ်အတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ပန်းတင်ကျေးရွာအတွင်းမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး နေအိမ်များ မီးရှို့ထွက်ပြေးသွားခဲ့သည့် အတွက် ပန်းတင်ကျေးရွာရှိ နေအိမ်များ မီးလောင် ပျက်စီးရသည်ကို ပြည်သူများအား သတင်းအမှန်များသိရှိစေရန် ရေးသားဖြန့်ဝေခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှား




စေရန်အတွက် လုပ်ကြံရေးသား ဝါဒဖြန့်ဝေ နေခြင်းသာဖြစ် ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “U Nyan Na” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ငွေးကုန်းကျေးရွာနေ မိုးဆွေအား မွန်းလွဲ ၁ နာရီတွင် နတ်မောက်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ပြင်ဦးလွင်မြို့၌ ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပြင်ဦးလွင် မတ် ၂၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီက ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အစည်းအဝေးတွင် ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသန့်ဇော်ဦးက အမှာစကား ပြောကြားသည်။

ထို့နောက် ဖွင့်ပွဲ/ပိတ်ပွဲ ကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေး လုပ်ငန်းကော်မတီ၊ ဗဟိုမဏ္ဍပ်ဆောက်လုပ်ရေးလုပ်ငန်းကော်မတီ၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေး လုပ်ငန်းကော်မတီ၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ဖျော်ဖြေပွဲနှင့် ဂုဏ်ပြုဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ၊ ပြန်ကြားရေးနှင့် မှတ်တမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊ လမ်းလျှောက်သင်္ကြန်နှင့် ရေကစားမဏ္ဍပ်ငယ်များ ဆောက်လုပ်ရေး လုပ်ငန်းကော်မတီ၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီအသီးသီးမှ ဥက္ကဋ္ဌများက ကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြကြပြီး ဦးစီးကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါ အစည်းအဝေးသို့ မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြကြောင်း သိရသည်။

ဖြူလူသစ် (ခရိုင် ပြန်/ဆက်)

## တပ်မတော်(လေ)မှ လေ့ကျင့်ရေး ရဟတ်ယာဉ်ငယ်တစ်စင်း လေ့ကျင့်ပျံသန်းရေး ဆောင်ရွက်စဉ် စက်ချို့ယွင်းကာ မတော်တဆမှု ဖြစ်ပွား

နေပြည်တော် မတ် ၂၆

တပ်မတော်(လေ)မှ လေ့ကျင့်ရေး ရဟတ်ယာဉ်ငယ်တစ်စင်းသည် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်မှူးတစ်ဦးနှင့် သင်တန်းသားတစ်ဦး လိုက်ပါ၍ လေ့ကျင့်ပျံသန်းလျက်ရှိစဉ် မိတ္ထီလာမြို့နယ် ပြည်သာယာအနီးသို့ အရောက်၌ ရုတ်တရက် စက်ချို့ယွင်းမှုဖြစ်ပေါ်ခဲ့သဖြင့် မြေပြင်သို့ အရေးပေါ် ဆင်းသက်ခဲ့ရသည်။

ထိုသို့ ဆင်းသက်စဉ် ရဟတ်ယာဉ်မှူးနှင့် သင်တန်းသားတို့မှာ ထိခိုက်ဒဏ်ရာရမှု မရှိခဲ့သော်လည်း လေ့ကျင့်ရေး ရဟတ်ယာဉ်ငယ်မှာ မတော်တဆ ပျက်စီးမှုရှိခဲ့ကြောင်းနှင့် သက်ဆိုင်ရာ တပ်ဌာနချုပ်သို့ ဆယ်တင်ဆောင်ရွက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## နိုင်ငံတကာသတင်း

### ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆုံးဖြတ်ချက်ကို အမေရိကန်က ဗီတိုသုံး ပယ်ချမပေးခဲ့သည့်အတွက် ဝါရှင်တန်ခရီးစဉ် အစ္စရေးဖျက်သိမ်း

ဂျေရုဆလင် မတ် ၂၆

ဂါဇာကမ်းမြောင်၌ အမြန်ဆုံး အပစ်အခတ်ရပ်စဲရေးအတွက် တောင်းဆိုသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အမေရိကန်က ဗီတိုအာဏာသုံးပြီး ပယ်ချမပေးခဲ့သည့်အတွက် အစ္စရေးအစိုးရသည် နိုင်ငံ၏ထိပ်တန်းအရာရှိများ ဝါရှင်တန်သို့သွားမည့် ခရီးစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း နိုင်ငံတကာသတင်းရင်းမြစ်များတွင် ဖော်ပြထားသည်။

အစ္စလာမ်ဘာသာဝင်များ အထွတ်အမြတ်ထားသော Rama-dan (ရာမာဒါန်) လအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး တောင်းဆိုသော ဆုံးဖြတ်ချက်ကို မဲပေးရန် တနင်္လာနေ့တွင် လုံခြုံရေးကောင်စီက အရေးပေါ်အစည်းအဝေးတစ်ခု ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါနေ့တွင်ပင် အစ္စရေးသည် ဂါဇာကမ်းမြောင် မြောက်ပိုင်းရှိ အယ်လ်ရှီဖာဆေးရုံနှင့် တောင်ပိုင်းရှိ အယ်လ်အမဲလ်ဆေးရုံတို့ကို စစ်ဆင်ရေးဆောင်ရွက်ခဲ့ကြောင်း ပြောသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း အစ္စရေးတို့၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၁၀၇ ဦးရှိသည့်အတွက် စုစုပေါင်း သေဆုံးသူအရေအတွက်မှာ ၃၂၃၃၃ ဦး အထိ မြင့်တက်လာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ မဲခွဲဆုံးဖြတ်မှုတွင် အမေရိကန်က ကြားနေခဲ့သော်လည်း ကျန်ရှိသော လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၄ နိုင်ငံက အဆိုပြုချက်ကို အတည်ပြုထောက်ခံခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

### ဖလော်ရီဒါပြည်နယ်၌ ၁၄ နှစ်အောက်ကလေးများ လူမှုမီဒီယာအကောင့် ပိုင်ဆိုင်ခွင့်တားမြစ်သည့် ဥပဒေတစ်ရပ်ထုတ်ပြန်

ဖလော်ရီဒါ မတ် ၂၆

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် အုပ်ချုပ်ရေးမှူး ရွန်ဒီဆန်တစ်သည် အသက် ၁၄ နှစ် အောက်ကလေးများလူမှုမီဒီယာ အကောင့် ပိုင်ဆိုင်ခွင့်တားမြစ်သည့် ဥပဒေတစ်ရပ်ကို မတ် ၂၅ ရက်က လက်မှတ်ရေးထိုးလိုက်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဥပဒေတွင် အသက် ၁၄ နှစ်နှင့် ၁၅ နှစ် ကလေးများ လူမှုမီဒီယာအကောင့် ရရှိရန်အတွက် မိဘခွင့်ပြုချက်လိုကြောင်းလည်း ဖော်ပြထားသည်။ လူမှုမီဒီယာသည် ကလေးများကို နည်းလမ်းမျိုးစုံဖြင့် အန္တရာယ်ဖြစ်စေကြောင်း ရီပတ်ဘလီကင် ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။ အဆိုပါဥပဒေသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်တရားဝင်မည်ဖြစ်သည်။

ဥပဒေသစ်သည် ဖလော်ရီဒါပြည်နယ်ကို အခြားပြည်နယ်များဖြစ်သည့် အာကန်ဆော၊ ကယ်လီဖိုးနီးယား၊ လူဝီစီယားနား၊ အိုဟိုင်းယိုးနှင့် ယူးတားကဲ့သို့ ကလေးများကို လူမှုမီဒီယာအသုံးပြုခွင့်တားမြစ်လိုက်သည့် ပြည်နယ်တစ်ခုဖြစ်လာစေသည်။ **ဆင်ဟွာ**

### အင်ဒိုနီးရှားအထွေထွေရွေးကောက်ပွဲ၌ မဲရုံလုပ်သား သေဆုံးသူ ၁၈၁ ဦးအထိ ရှိလာ

ဂျကာတာ မတ် ၂၆

အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၂၄ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွင်း သေဆုံးခဲ့သော မဲရုံလုပ်သား အရေအတွက်မှာ ၁၈၁ ဦး အထိ ရှိလာကြောင်း အထွေထွေရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဟာစီရင်အစီယာရီက အင်္ဂါနေ့တွင် ပြောသည်။

အထွေထွေရွေးကောက်ပွဲ တာဝန်ထမ်းဆောင်နေစဉ်အတွင်း မဲရုံလုပ်သား ၄၇၇၀ မှာ မတော်တဆမှုများ သို့မဟုတ် ဖျားနာမှုများ ဖြစ်ပွားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် ဖေဖော်ဝါရီ ၁၄ ရက်တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး မဲရုံလုပ်သား ၆ ဒသမ ၈ သန်း ပါဝင်ဆောင်ရွက်ခဲ့ကြောင်းနှင့် ၂၀၁၉ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွင်း သေဆုံးခဲ့သော မဲရုံလုပ်သားအရေအတွက်မှာ ၈၉၄ ဦးအထိရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## သန်လျင်မြို့နယ်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိသူများအား ဂုဏ်ပြုပူဇော်

ရန်ကုန် မတ် ၂၆

သန်လျင်ခရိုင် သန်လျင်မြို့နယ်မှ ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်နှစ်ဦးတို့အား ကြိုဆိုပင့်ဆောင်ပူဇော်ပွဲကို ယနေ့ နံနက်တွင် ကျင်းပသည်။



အစီအစဉ်အရ ဘွဲ့ခံဆရာတော်များ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား မင်္ဂလာစည်တော်၊ ဒေဝါဝင်း၊ ရာဇာဝင်းများခင်း၍ မြို့တစ်ပတ် လှည့်လည်ပူဇော်ကြသည်။ ထို့နောက် သာသနာ့ဗိမာန်ကြီးတွင် ဂုဏ်ပြုပူဇော်ပွဲကို ဆက်လက်ကျင်းပရာ အခမ်းအနားကို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကရင်ဆိပ်ကျောင်းဆရာတော်ထံမှ သီလခံယူဆောက်တည်ကြသည်။ ထို့နောက် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးတင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်တို့အား ဘွဲ့တံဆိပ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ပေးအပ်ကြသည်။ ယင်းနောက် မင်္ဂလာရတုပိုဒ်စုံ၊ ရှစ်ဆယ်ပေါ်တေးထပ်၊ အောင်သြဘာစာများဖြင့် အနုပညာရှင်များက သီဆိုပူဇော်ကြသည်။ ဆက်လက်၍ ချမ်းမြေ့သာယာအေး စာသင်တိုက်ဆရာတော်ထံမှ ရေစက်ချတရား နာယူကြသည်။

ယခုနှစ်တွင် သန်လျင်မြို့နယ်မှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သုံးပါး၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ နှစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇ တစ်ပါး၊ ကမ္မဋ္ဌာနာစရိယ တစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ သီလရှင် တစ်ပါး၊ သုဓမ္မမဏိဇောတရေနှင့် သုဓမ္မသိင်္ဂီ လူပုဂ္ဂိုလ် နှစ်ဦးတို့အား မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုပူဇော်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

## A Tale of Lost Tail & Other Short Stories ကိုယ်တိုင်ရေးအင်္ဂလိပ်ဝတ္ထုတိုစာအုပ် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မတ် ၂၆

စာရေးဆရာမ A.W.Khin Myat Phone ၏ ကိုယ်တိုင်ရေး "A Tale of Lost Tail & Other Short Stories" အင်္ဂလိပ်ဝတ္ထုတိုစာအုပ် မိတ်ဆက်ပွဲကို မတ် ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ Central Hotel ၌ ကျင်းပသည်။

အဆိုပါ စာအုပ်မိတ်ဆက်ပွဲသို့ မြန်မာနိုင်ငံ စာရေးဆရာအသင်း (ဗဟို) မှ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) နှင့် အမှုဆောင်များ၊ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ စာပေပညာရှင်များ၊ စာရေးဆရာများ၊ ထုတ်ဝေသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာရေးဆရာမ A.W.Khin Myat Phone သည် ၂၀၁၉ ခုနှစ်တွင် "The Red Flower and Others Short Story" အမည်ဖြင့် ပထမအကြိမ် စာအုပ်ကိုထုတ်ဝေခဲ့ပြီး ယနေ့တွင် မိတ်ဆက်သည့် A Tale of Lost Tail & Other Short Stories စာအုပ်သည် ဒုတိယမြောက် စာအုပ်ဖြစ်ကာ သဘာဝလွန်၊ ထူးဆန်းထွေလာ၊ စိတ်ကူးယဉ်၊ စွန့်စားခန်းများနှင့် ဟာသ စသည့် ရသမျိုးစုံပါဝင်သည့် Fantasy Style ဝတ္ထုတိုကောင်း တစ်အုပ် ဖြစ်သည်။ အဆိုပါစာအုပ်ကို ဗိုလ်တထောင်မြို့နယ် ၄၈ လမ်းရှိ အာသာအကယ်ဒမီ စာအုပ်တိုက်၌ ရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**
**ဓာတ်ပုံ - ကနူး**




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

### ယနေ့ဈေးကွက်ပေါက်ဈေးများ ၂၆ - ၃ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၅ ကျပ် | ၂၄၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၉၅ ကျပ် | ၂၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၀၀ ကျပ် | ၂၉၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၄၀၀ | ၁၀၅၄ | ၈၇၆၀၈၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၃၇၅၂ | ၁၀၆၉၃၂၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၂ | ၁၅၆၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၄၀ | ၅၈၇၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၂၆၉ | ၆၉၉၄၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၇၇ | ၁၃၄၆၅၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၄၈ | ၂၀၇၆၀၀ |
| MAEPC | ၁၈၅၀ | ၁၈၀၀ | ၁၁၇ | ၂၁၂၇၀၀ |

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV-HD)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ ၁၃၈၅ ခုနှစ်၊ မြန်မာ့ရိုးရာမဟာသင်္ကြန်တွင် ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရန် နှိုးဆော်သည့်အနေဖြင့် **"နှစ်သစ်မင်္ဂလာ-မဟာသင်္ကြန်"** တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ဌာနအဆိုရှင်များ၊ ပြင်ပတေးသံရှင်များဖြင့် ဖျော်ဖြေတင်ဆက်မှုအား (၂၉-၃-၂၀၂၄)ရက် (သောကြာနေ့)ညတွင် တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ရာ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၉-၃-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သင်္ကြန်မိုး | ဌာနအဆိုရှင် |
| ၂။ | ရာပုံတော်မင်းသားကြီး | ဌာနအဆိုရှင် |
| ၃။ | ပက်စရာလား | ပြင်ပအဆိုရှင် |
| ၄။ | ရေတွေစိုကုန်ပြီ | "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-1" |
| ၅။ | ရက်မြတ်သင်္ကြန် | ပြင်ပအဆိုရှင် |
| ၆။ | ရွှင်လန်းချမ်းမြေ့ပါစေ | ဌာနအဆိုရှင် |
| ၇။ | ပန်းဝါပိတောက်မင်း | ပြင်ပအဆိုရှင် |
| ၈။ | ချစ်သူပိတောက် | ပြင်ပအဆိုရှင် |
| ၉။ | နွေဦးကဗျာ | ပြင်ပအဆိုရှင် |
| ၁၀။ | နွေမ | ပြင်ပအဆိုရှင် |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ကြီးခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅

ဒေါ်ခင်သက်မော်အောင် **နှင့်** ဦးခင်ညွန့်
**တရားလို** **တရားပြိုင်**

စကြာလမ်း၊ တပ်ဦးရပ်၊ မိတ္ထီလာမြို့နေ ဦးခင်ညွန့်(ယခုနေရပ်လိပ်စာမသိသူ) အားသိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၂ ရက်(၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထုတ်ပေးလိုက်သည်။

**(ခင်စိုးညွန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## တောင်ကြီးခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၄ နှင့် ဆက်သွယ်သည့်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၇

၁။ ဦးကိုကိုနိုင် **နှင့်** Invescog Management
၂။ ဒေါ်နန်းအေးအေးအောင် Company Limited (၎င်း၏ကိုယ်စား)
၁။ ဒေါ်ကြည်ပြာသောင်း(ဒါရိုက်တာ)
၂။ ဦးအားထက်လှိုင်(ဒါရိုက်တာ)
၃။ ဦးခွန်သန့်ဇင်ထွန်း (ဒါရိုက်တာ)
၄။ ဦးကျော်ဇင်ထက်(ဒါရိုက်တာ)
၅။ ဦးသုထက်စိုးစံ(ဒါရိုက်တာ)

**ဒီကရီအနိုင်ရသူများ** **တရားရှုံးများ**

အမှတ်-၃၄၊ ရေထွက်ဦးလမ်း၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့နေ ဦးကျော်ဇင်ထက် (ယခုနေရပ်လိပ်စာ မသိသူ)အား သိစေရမည်။

၂၀၂၃ နှစ်၊ တရားမကြီးမှုအမှတ်-၁၀၄ တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၂ ရက် (၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စိုးညွန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ
## (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
( ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
( ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန**

## အမည်မှန်

ကွန်ဟိန်းမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဦးကျော်စိုး ၇/တငန(နိုင်)၀၉၈၄၇၇) ၏ အမည်မှန်မှာ ဦးရမ်းကဘီလာ ဖြစ်ပါကြောင်း။

**ဦးရမ်းကဘီလာ**

## အမည်မှန်

ကွန်ဟိန်းမြို့၊ အ.ထ.က (ကွန်ဟိန်း)၊ Grade(11)မှ မကူမာရီ ၏အမည်မှန်မှာ မကူမာရီး ဖြစ်ပြီး Grade(8)မှ မရီးသူ၏ အမည်မှန်မှာ မရီသူ ဖြစ်ပါကြောင်း။




## အလုံမြို့နယ်၌ ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၌ ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲကို မတ် ၂၅ ရက်က အထက (၄)အလုံ သီရိရတနာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကင်းထောက်လူငယ်များက "ပြည်သူ့အတွက် အစဉ်အသင့်" သီချင်းဖြင့် ဂုဏ်ပြုသီဆိုပြီး ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်က အမှာစကားပြောကြားကာ ကင်းထောက်သမိုင်းကြောင်း ဗီဒီယိုမှတ်တမ်းနှင့် ကင်းထောက်နည်းပြသင်တန်း ဖွင့်လှစ်ဆောင်ရွက်ခဲ့မှု မှတ်တမ်းတို့ကို ပြသသည်။

ထို့နောက် တက်ရောက်လာကြသူများနှင့် ကင်းထောက် ကျောင်းသားလူငယ်များက "ကင်းထောက်များရဲ့ ရှေ့သို့ခြေလှမ်း" သီချင်းဖြင့် စုပေါင်းဂုဏ်ပြု သီဆိုခဲ့ကြပြီး ခရိုင်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌက ခရိုင်အဆင့် ကင်းထောက်လူငယ်သင်တန်းအဖွင့် သီချင်းနှင့် အပိတ်သီချင်းကို ဂုဏ်ပြုသီဆိုပေးခဲ့သည့် ကင်းထောက်လူငယ်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်မြင့် (ပြန်/ဆက်)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်( ၄ )ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ရန်အောင်ရပ်(မီးလောင်မြေ)၊ မြေကွက်အမှတ်(၁၂၁)၊ မြေဧရိယာ (၀.၁၁၅)ဧကရှိ ဒေါ်အေးမယ် (ပါ)-၃ဦး အမည်ပေါက် မြို့မြေကွက်အား ဦးဆန်းလွင်(ဘ) ဦးအောင်ရွှေ ၁၃/လရန(နိုင်)၁၂၆၅၈၅ မှ အရောင်းအဝယ်ကတိ စာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်မှန်နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်လုံမြို့၊ ရပ်ကွက်(၂)၊ မြို့သစ်နေ ဦးနေမင်းထက် ၁၃/ပလတ(နိုင်)၀၀၃၇၃၅၏ မွေးသက္ကရာဇ် အမှန်မှာ (၂၁-၁၂-၁၉၉၆)ဖြစ်ပြီး ဖခင် ဦးကျော်ထွန်း(ခ)ဦးကျော်ကျော်ထွန်း ၁၃/လလန(နိုင်)၀၅၁၂၈၃) မှာ တစ်ဦးတည်း ဖြစ်၍ မိခင် ဒေါ်နန်းသီတာစမ်း(ခ)ဒေါ်သီတာစမ်း ၁၃/လလန(နိုင်)၀၄၇၁၉၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်လောင်းမြို့၊ အရှေ့ရပ်ကွက်နေ(ဘ) ဦးမြင့်လွင်၏သမီး ဒေါ်မေဇွန် ၇/ဖမန(နိုင်)၁၄၁၂၆၄၏ မိခင် ဒေါ်စန်းစန်းငွေနှင့် ဒေါ်စန်းငွေဟု အမည်နှစ်မျိုးကွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်84W/39181 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/39181, Damon 125 M/Cယာဉ်လက်ဝယ်ရှိသူ United Mercury Group Motor Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်နေ (ဘ)ဦးထွန်းစိန်၏သမီး နန်းခမ်းအုံ ၁၃/မရန(နိုင်) ၀၂၄၂၈၄ ၏ နိုင်ငံကူး လက်မှတ် အမှတ် (MA-324338) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၃၆၄၅၁၉၉**

## သမီးနှင့်မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၇)ရပ်ကွက်၊ ချယ်ရီလမ်း၊အမှတ်(၁၂၄)နေ ဦးရုံးလရောင်(ခ) ဦးရဲထွန်းလေး၏သမီး မစမ်းစမ်းမာ ၁၂/ ဥကမ(နိုင်)၁၇၂၈၉၄ နှင့် ဦးကစ္စနား - ဒေါ်မြင့်မြင့်အုန်းတို့၏သား မောင်သက်ထူးစံတို့သည် မိဘများ၏ ပြောဆိုဆုံးမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြု လုပ်ခဲ့ပါသဖြင့် မိမိတို့၏ သဘောဆန္ဒလျောက် ပြုမူဆောင်ရွက်သွားပါသောကြောင့် ယနေ့မှစ၍ သမီးအဖြစ်နှင့် မြေးအဖြစ်မှ အမွေပြတ်စွန့် လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံး တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်ခြင်းသည်းခံပါ)**
**ဖခင် ဦးရုံးလရောင်း(ခ)**
**ဦးရဲထွန်းလေး**
**၁၂/ဥကမ(နိုင်)၀၂၉၃၅၄**

## မွေးသက္ကရာဇ်အမှန်

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ နောင်ပရေ့ကျေးရွာနေ ဦးငွေထွန်း- ဒေါ်အေးကြည်တို့၏သမီး မသဇင်ဝေ ၃/ကဆက(နိုင်)၀၉၄၃၇၈ ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၅-၅-၂၀၀၅ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ ဈေးမြောက်လမ်းနေ ဒေါ်ခင်နီလာ ၉/ညဥန(နိုင်) ၀၀၆၆၉၆ အား ဒေါ်စန္ဒာ (ခ) ဒေါ်ခင်နီလာဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဒေါ်စန္ဒာ(ခ)ဒေါ်ခင်နီလာ**

## တစ်ဦးတည်းဖြစ်ကြောင်း

မြင်းခြံမြို့၊ အမှတ် (၆)ရပ်ကွက်နေ မအင်ကြင်း ၉/မခန(နိုင်)၂၉၈၆၄၀ ၏ဖခင် ၉/မခန(နိုင်)၂၄၁၂၈၅ ကိုင်ဆောင်သူ ဦးရင်ထွေးနှင့် ဦးလင်းလင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မအင်ကြင်း**
**၉/မခန(နိုင်)၂၉၈၆၄၀**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့၊ ရပ်ကွက် (၁)နေ ဒေါ်နီနီဝင်း ၉/မထလ(နိုင်) ၀၇၄၅၇၈၏ မွေးသက္ကရာဇ် အမှန်မှာ ၂၉-၁၀-၁၉၇၁ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးပိန်ဖြစ်ပါသည်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ-၆၊ ဦးပိုင်အမှတ် (၃၀-ခဲစင်း)၊ ၆၈ x ၆၉ လမ်း၊ ကျန်စစ်သား x ပျူစောထီးလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နန်းမေသူမျိုးထွန်း၏ (S.P ရရှိသူ ဦးထွန်းမင်းထက်(ခ)မျိုးနိုင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးသန်း ၁၃/လရန(နိုင်)၂၂၁၈၈၅ က အမှုတွဲအမှတ် (၇၉၄၈/၂၀၂၃-၂၀၂၄) ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ယောက်သွားအင်းကျေးရွာအုပ်စု၊ ယောက်သွားအင်းအနောက်ရွာ၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၅၂/ယောက်သွားအင်းကွင်း၊ အိမ်အမှတ်(၃/၈၈)၊ ပျဉ်းမနား-တောင်ညိုကားလမ်း၊ အလျား(၇၁ x ၆၇)ပေ၊ အနံ(၄၅.၆ x ၄၆)ပေရှိ ဒေါ်ခင်မာရီ(ဘ)ဦးမြအောင်ပါ မောင်နှမ(၅)ဦး ပိုင်ဆိုင်သော ရွာမြေအတွင်းရှိ အိမ်ဝိုင်းမြေကွက်ကို ကျွန်တော် ဦးခင်မောင်အေး(ဘ)ဦးဝင်းစိန်၊ ၉/မရမ(နိုင်)၀၂၈၀၅၆ နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ (၅-၄-၂၀၂၄)ရက်နောက်ဆုံးထားပြီးလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်စာချုပ်အား ဆက်လက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **ဒေါ်လှလှဝင်း(ဘ)ဦးဘကြိုင် ၉/မရတ(နိုင်)၀၇၅၇၃၆**
**မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၊ (၃) ရပ်ကွက်၊ သီရိမင်္ဂလာလမ်းနေ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထွေး ၁၃/ကမန(နိုင်)၀၅၆၅၄၄နှင့် ဒေါ်အမီတာဒေဝီ ၁/မကန(နိုင်)၁၂၃၅၄၅ တို့၏ ဒုတိယမြောက်သား မောင်မျိုးမင်းဇော်သည် မိဘများ၏ ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့သောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ငွေရေး၊ ကြေးရေး ကိစ္စမှန်သမျှ လုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းထွေး -ဒေါ်အမီတာဒေဝီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသီဟကျော်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၈၈၇)(၃၁-၁၀-၂၀၁၉)**
**ရပ်ကွက်(၁၀)၊ ကလောမြို့။ ဖုန်း-၀၉-၄၂၈၃၄၉၄၃၀**

## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဒေါ်နန်းမိုင်းစံ၏ ဖခင် ဦးတူးတူး ၁၂/လမန(ဧည့်) ၀၀၀၃၂၃၏ အမည်မှာ ဦးတူးတူးနှင့် ဦးရောင်အင်ဗိုး ဖြစ်နေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကွမ်းခြံကုန်းမြို့၊ မြို့မရပ်ကွက်၊ ဒေါ်ချစ်လမ်း၊ အကွက်အမှတ်(၄)၊ ရွာမပိုင်းကွက်၊ ဦးပိုင်အမှတ်၆၂၊ ဧရိယာ(၀.၀၈၄) ဧကရှိသည့်အနက်မှ (၀.၀၄၇)ဧက၊ မြေပိုင်ဆိုင်ခွင့် (ဘီ)၊ မြေအမျိုးနှင့်အတန်း - မြို့မြေဟုခေါ်တွင်သည့် မူလအမည် ပေါက်သူ ဦးအောင်ဝင်းနိုင်(ကွယ်လွန်)၏ ဇနီးဖြစ်သူ ဒေါ်ခင်သန်းမြင့် ၁၂/ကခက(နိုင်) ၀၀၄၂၅၂ ထံမှ (ဦးနေအောင်၊ ဒေါ်အိအိကေခိုင်) တို့နှစ်ဦးမှ ကွမ်းခြံကုန်းမြို့ နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင် စာချုပ်စာတမ်းမှတ်ပုံတင်ဆောင်ရွက်ပြီး ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် မူလအမည်ပေါက်သူ ဦးအောင်ဝင်းနိုင်အမည်မှ (ဦးနေအောင်၊ ဒေါ်အိအိကေခိုင်)အမည်သို့ပြောင်းလဲရန် ဆောင်ရွက်မည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများ တင်ပြလျက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်ပါက သက်ဆိုင်ရာဌာနတို့မှ လုပ်ထုံးလုပ်နည်းနှင့်အညီ အမည်ပြောင်းလျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်နမ်းမိုခမ်းအောင်(စဉ်-၁၀၂၇၃) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၆၀၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၄၈၂၆၈၁**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်၊ ကွင်းအမှတ်(၃၁)၊ ဦးပိုင်အမှတ် (၇၂/၂)၊ မြေဧရိယာ(၀.၁၂၀) ဧကရှိမြေကွက်သည် မူလက ဦးရှန်စိုး အမည်ဖြင့် ခရိုင်အမှုတွဲအမှတ်၊ ၆၃၁ (၃) ၂၀၀၃-၂၀၀၄ အရ(၂၆-၈-၂၀၁၈)ရက်ထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက် ဦးရှန်စိုးက (၁၃-၁၂-၂၀၂၃) ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၅၇၄/၂၀၂၃)အရ ဒေါ်နန်းအေးကွယ် ၁၃/လရန(နိုင်)၀၇၅၆၁၁ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်နန်းအေးကွယ်အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ သိမ်ကြီးလမ်း၊ အိမ်နံပါတ်(၁၇)၊ အေ-မြေညီထပ် (ခေါင်းရင်းခန်း)၊ ထပ်ခိုးပါ တိုက်ခန်းရှိ ကိုယ်ပိုင်ရေမော်တာနှင့်လျှပ်စစ်မီတာ(မီး)အပါတိုက်ခန်းတစ်ခန်းအပြင် ယင်းနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်အားလုံးတို့အား ရောင်းချသူ ဦးဇော်လင်း ၁၂/လမန(နိုင်)၀၉၄၃၂၀ မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်မိုးမိုးနိုင် ၅/ဝလန(နိုင်) ၀၆၆၅၇၇ က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ရူပါလင်း(LL.M,DIPL) အထက်တန်းရှေ့နေ(စဉ်-၃၇၀၀၅)**
**အမှတ်-၁၇၊ ဘီ-ဒုတိယထပ်၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၉၈၉၉၀၈၃**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၇၁၇)၊ ဧရိယာ(၀.၀၉၆)ဧက၊ ခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လားရှိုးမြို့၏(၁၉-၃-၁၉၉၃) ရက်စွဲပါ မြေပေးမိန့်အမှတ်(၇၁၇/၁၉၉၃)ဖြင့် ဦးတင်သိန်း ၁၂/လကန(နိုင်)၀၂၄၀၅၈ အမည်ဖြင့် ချထားပေးသောမြေကွက်အား ၎င်းမှ(၂၈-၃-၂၀၁၈)ရက်တွင် အရပ်ရောင်း/ဝယ်စာချုပ်ဖြင့် ဦးစိုင်းနွံကျောက် ၁၃/ကတန(နိုင်)၀၀၀၀၀၃ ထံသို့ ရောင်းချပေးပြီးဖြစ်၍ ဦးစိုင်းနွံကျောက်မှ မြေငှားဂရန်အသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊နည်းဥပဒေ-၂၀)
## ပျဉ်းမနားမြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉

ဒေါ်ဝါဝါအောင်(ခ)ဝါဝါခိုင် **နှင့်** လှိုင်ကျော်ဖွေး

ပျဉ်းမနားမြို့၊ ရန်အောင်(၂)အုပ်စု၊ နယ်မြေ(၁၄)၊ တရားပြိုင် လှိုင်ကျော်ဖွေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝါဝါအောင်(ခ)ဝါဝါခိုင်က လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် တင်ပြလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့် အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညီနေဝင်းဇင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ပျဉ်းမနားမြို့နယ်တရားရုံး**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၄၃၁)၊ ဧရိယာ(၀.၀၉၆)ဧက၊ အမှုတွဲအမှတ် ၆၂၉-၅/၂၀၁၆-၂၀၁၇(A)ဖြင့် ဒေါ်ခင်စိန်လေး ၁၃/လရန(နိုင်)၀၀၂၆၇၉မှ အမည်ပေါက်မြေကွက်အား ၎င်း၏ကိုယ်စားလှယ်ရရှိသူ ဒေါ်လောက်မိုရှမ်း၊ ၁၃/လရန(နိုင်) ၀၈၅၅၀၈မှ ရောင်း/ဝယ်စာချုပ်(၃၆၊/၂၀၂၄)ဖြင့် ဒေါ်နန်းခင်မာဝင်း ၉/မနမ(နိုင်)၁၂၂၉၂၆ထံသို့ ရောင်းချပေးပြီးဖြစ်၍ ဒေါ်နန်းခင်မာဝင်းမှ မြေငှားဂရန် အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့် ရက်မှစ၍ ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(စက်မှုလယ်ယာအရှေ့)၊ ဦးပိုင်အမှတ်(၂၉၇)၊ ဧရိယာ(၀.၀၈၃)ဧက၊ အမှုတွဲအမှတ်၊ ၄၆၀-၅/၂၀၀၃-၂၀၀၄(စီ)ဖြင့် ဒေါ်လှကေခိုင် ၁၃/လရန(နိုင်)၀၀၀၂၇၅မှ အမည်ပေါက်မြေကွက်အား ၎င်း၏ကိုယ်စားလှယ်ရရှိသူ ဒေါ်နန်းခမ်းကော် ၁၃/သပန(နိုင်)၀၃၇၀၀၄မှ ရောင်း/ဝယ်စာချုပ်(၅၈၈၊/၂၀၂၃)ဖြင့် ဦးစိုင်းဖုန်းအောင် ၁၃/သပန(နိုင်)၀၂၅၇၀၁ ထံသို့ ရောင်းချပေးပြီးဖြစ်၍ ဦးစိုင်းဖုန်းအောင်မှ မြေငှားဂရန်အမည်ပြောင်း ထပ်မံ အသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(စက်မှုလယ်ယာအရှေ့)၊ ဦးပိုင်အမှတ်(၂၉၆)၊ ဧရိယာ(၀.၀၈၃)ဧက၊ အမှုတွဲအမှတ်၊ ၄၅၉-၅/၂၀၀၃-၂၀၀၄(စီ)ဖြင့် ဦးမြင့်လွင် ၁၃/လရန(နိုင်)၀၅၅၅၉၂မှ အမည်ပေါက်မြေကွက်အား ၎င်း၏ကိုယ်စားလှယ်ရရှိသူ ဒေါ်နီလာသိန်း(ခ) တင်နီလာသိန်း ၁၃/သပန(နိုင်)၀၈၈၀၅၇မှ ရောင်း/ဝယ်စာချုပ်(၅၈၇၊/၂၀၂၃)ဖြင့် ဦးကျန်ဒါမတက်၊ ၇/ကတခ(နိုင်)၀၈၈၀၅၇ ထံသို့ ရောင်းချပေးပြီးဖြစ်၍ ဦးကျန်ဒါမတက်မှ မြေငှားဂရန် အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**




## အများပြည်သူသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ သမိုင်း၊ မြေကွက်အမှတ် ၅/စ-၂/၁၊ မြေဧရိယာ (၀ဒသမ၂၀၇)ဧကရှိ ၊ B လ/န ၃ခ မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၅F၊ အောင်မင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အုတ်ညှပ်အမျိုးအစား (၂)ထပ်တိုက်အဆောက်အအုံ အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးထိန်လင်းဦး (ဘ)ဦးလှတင် ၁၂/မရက(နိုင်)၀၁၄၄၆၃ ၏ အထူးကိုယ်စားလှယ်လွှဲစာလွှဲအပ်ခြင်းခံရပြီး တရားဝင် ရောင်းချပေးနိုင်ကြောင်း အဆိုရှိသူ ၊ ဦးတင်ဟန်ထက်(ဘ)ဦးတင်မောင်အေး ၁၂/ကမရ(နိုင်)၀၁၄၁၄၄၊ Lot-30၊ Parami Valley ၊ လှိုင် မြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်ထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်း အဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc,PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း၊** | **အမှတ်-၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း၊** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၂၊** |
| | **၀၉-၂၅၄၄၈၈၃၃၀** |

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၃)၊ မြေကွက်အမှတ်(၇၅၂/ခ)၊ အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ (ယခုအခေါ် အမှတ်(၇၅၂/ခ)၊ မန္တလေးလမ်း၊ (၁၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်) ဟုခေါ်တွင်သော ဦးမြင့်ဌေး အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်ဖြင့် ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မော်မော်ဌေး ၈/ပခက(နိုင်)၁၄၉၈၈၁ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထက်ပါ မြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/စာရွက် စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL,B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက်-၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ စမ်း(မြောက်)ရပ်ကွက်၊ အမှတ်(၄၇)ဟုခေါ်တွင်သော (၂-ခန်း)တွဲ (၇)ထပ်အဆောက်အအုံ၏ ၇-လွှာ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (အလျား ၁၂ $\frac{1}{2}$ပေ x အနံပေ၅၀) ရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသူ ဦးညီညီဦး (၁၂/ကမရ(နိုင်)၀၀၂၂၁၀) နှင့် ဦးတင်ထွန်းအောင် (၁၂/စခန(နိုင်)၀၀၁၃၆၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီး အပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်အတူ ဤကြေညာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်နန်းယုယုအောင်** | **ဒေါ်ပြည့်ပြည့်ဖြိုးအောင်** | **ဒေါ်ခိုင်ဇင်ဝင်း** |
| **(LL.B, D.B.L, D.I.L)** | **(LL.B)** | **(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၈၉၆၅)** | **(စဉ်-၅၆၁၃၄)** | **(စဉ်-၅၆၂၁၉)** |

**တိုက်အမှတ် (N-1)၊ အခန်းအမှတ် (၃၀၃)၊ လေးထောင့်ကန်လမ်းမကြီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၂၀၀၄၀၊ ၀၉-၂၆၁၄၈၀၀၅၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လှိုင်မြို့နယ်၊ သီရိမင်္ဂလာဈေး ရုံ(ဂ)၊ ဆိုင်အမှတ်(၂၁)ဆိုင်ခန်းအား ဝယ်ယူထားသူ ဒေါ်မြင့်မြင့်လှိုင်(၉/ဝတန(နိုင်)၂၂၁၉၇၇)မှ မူလ အမည်ပေါက်ပိုင်ရှင် ဒေါ်ဖြူဖြူထွေး (၁၂/လမတ(နိုင်)၀၂၉၈၀၈)ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားပြီးဖြစ်သဖြင့် ဆိုင်ခန်းအမည်ပြောင်းလဲပေးပါရန် လိုအပ်သော စာရွက်စာတမ်း အထောက်အထားများဖြင့် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက လှိုင်မြို့နယ်၊ သီရိမင်္ဂလာဈေး၊ ဈေးတာဝန်ခံရုံးသို့ ကြေညာသည့်ရက်မှ(၁၄)ရက် အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံး၊ လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးတာဝန်ခံ လှိုင်မြို့နယ်၊ သီရိမင်္ဂလာဈေး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ဒဒ-၁၂၊ ဦးပိုင်အမှတ် (၄၆)၊ ၆၂ x ၆၃ လမ်း၊ ၁၂၉ x ၁၃၀ လမ်းကြားရှိ ဂရန်မြေကွက အမည်ပေါက်သူ ဒေါ်နန်းအေးအေးလှိုင် ၁၃/ကမန(နိုင်)၀၁၁၈၁၅ က အမှုတွဲအမှတ် ၇၉၄၆/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ဒဒ-၁၂၊ ဦးပိုင်အမှတ် (၄၅)၊ ၆၂ x ၆၃ လမ်း၊ ၁၂၉ x ၁၃၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နန်းအေးအေးလှိုင် ၁၃/ကမန(နိုင်)၀၁၁၈၁၅ က အမှုတွဲအမှတ် ၇၉၄၅/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1B/7393, Mitsubishi Fuso, Truck(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လွင် ၃/ဘအန(နိုင်)၁၃၂၂၁၀က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သရက်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/60078 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဦး ၇/ကတခ(နိုင်)၁၆၄၃၂၅က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## အများသိစေရန်ကြေညာခြင်း

ဦးအောင်အောင်ဦး (၁၂/ ဒဂရ(နိုင်)၀၀၈၄၉၅) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါ သည်-

ကျွန်ုပ်တို့အားလွှဲအပ်ညွှန်ကြားသူ ဦးအောင်အောင်ဦးသည် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်မိုးသူနှင့် ပေါင်းသင်းနေ ထိုင်ခဲ့စဉ်အချိန်က “Gold Car Polish” အမည်ရှိ ကားပေါ်လစ်လုပ်ငန်းနှင့် သင်တန်းအား ဦးစီးလုပ်ကိုင်ခဲ့ပြီး လုပ်ငန်းပိုမိုတွင်ကျယ်စေရန် Aung Aung Oo (Gold Car Polish), Gold Car Polish Detailing Gold Car Polish, Alexander Ethan Facebook အမည်တို့ဖြင့် Facebook page နှင့် Facebook Account များ ဖွင့်လှစ်ကာ နှစ်ဦးအတူ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါသည်။

သို့ရာတွင် ဦးအောင်အောင်ဦးနှင့် ဒေါ်ခင်မိုးသူတို့သည် (၈-၃-၂၀၂၄)ရက်တွင် တာမွေမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ကြပြီးနောက်“ Gold Car Polish” လုပ်ငန်း၊ ယင်းလုပ်ငန်းနှင့်ဆက်စပ်သော အထက်ဖော်ပြပါ Facebook page နှင့် Facebook Account များကို ဦးအောင်အောင်ဦးက ဒေါ်ခင်မိုးသူထံသို့ အပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "Gold Car Polish” လုပ်ငန်းသည်လည်းကောင်း၊ ယင်းလုပ်ငန်းနှင့် ဆက်စပ်သော အထက်ဖော်ပြပါ Facebook page နှင့် Facebook Account များသည် လည်းကောင်း၊ ယင်း page နှင့် Account များတွင် ရေးသားဖော်ပြ၊ ပြောဆိုလျက်ရှိသော အကြောင်းအရာများသည်လည်းကောင်း ကျွန်ုပ်တို့အားလွှဲအပ်ညွှန်ကြားသူ ဦးအောင်အောင်ဦး နှင့် အလျဉ်းမသက်ဆိုင်တော့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ -** | |
|---|---|---|
| **ဦးအောင်အောင်ဦး** | **ဒေါ်ချစ်ချစ်စံ** | **ဦးစန်းမင်းဦး** |
| (၁၂/ ဒဂရ(နိုင်)၀၀၈၄၉၅) | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| | စဉ်-၁၇၀၇၁ | စဉ်-၅၁၅၃၁ |

**ဒေါ်ခိုင်စုဝေ(ခ)ဒေါ်ငုဝါဝါလွင်**
**အထက်တန်းရှေ့နေ**
**စဉ်-၅၁၈၂၂**
**တိုက်အမှတ် (B-5)၊ အခန်း(၂၀၁)၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊ ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph-09-41008695, 09-258001797**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက် အမှတ်(၁၀၂၀/ခ)၊ (၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာ အမှတ်(၁၀၂၀/ခ)၊ ဝဇီရာ(၇)လမ်း၊ (င)ရပ်ကွက်၊ ဦးလှမြင့် (MMN-001738)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်ဦးလှမြင့်(ခင်ပွန်း)သည် ၁၆-၂-၂၀၂၃ ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်မြမြခင် ၈/မကန(နိုင်)၀၀၈၃၄၄ မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း၊ ဦးလှမြင့်၏ မှတ်ပုံတင်အမှတ်သည် နှစ်(၆၀)ဂရန်တွင်(MMN-001738)သေဆုံးမှုလက်မှတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းတွင် ၈/ဂဂန(နိုင်) ၀၅၉၄၅၃ ဟု ဖော်ပြထားသော်လည်း အမည်ပေါက် ဦးလှမြင့် တစ်ဦးတည်းကိုင်ဆောင်သည့် မှတ်ပုံတင်အမှတ်များဖြစ်သည်မှာ မှန်ကန်ပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ် ၂၅၁၂/၂၀၂၃/၁၂-၉-၂၀၂၃ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်နှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဦးဇော်မျိုးဦး ၁၁/ဘသတ(နိုင်)၀၁၁၄၀၇ ၏သား ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ အမက(မူလွန်) GRADE-3 မှ မောင်ကောင်းခန့်စိုးအား မောင်မျိုးနန္ဒ ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မျိုးနန္ဒ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/9018 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7D/2100 Toyota Hilux Surf KZN 185 Station Wagon (4x4)ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဌေးလွင် ၉/မထလ(နိုင်)၂၄၅၁၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၈၇၃၁၆ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/85495 New Aibo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဇင်ထွန်း ၉/မရမ(နိုင်)၀၈၈၉၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ရောင်းမည်

(၁) လိုင်သာယာစက်မှုဇုန်(၁)၊ မြေ(၃)ကေ၊ အဆောက်အအုံဟောင်း (၃)လုံးထရန်စဖော်မာ ၅၀၀ KVA

(၂) RES ဆန်စက်(Wet Polisher) တစ်စုံ မျက်မြင်အခြေအနေအတိုင်း

**ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၃၁၉၈၈၉၂၊ ၀၉-၅၁၀၂၆၂၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ ဒဂုံသီရိလမ်း၊ မြေကွက် အမှတ်(၁၀၅၇)ဟုခေါ်တွင်သော မြေအလျားအနံ ပေ(၄၀x၆၀)ရှိ မြေချပါမစ်တွင် ဦးစိုးသိန်းက အမည်ပေါက်ပြီး ၎င်းမြေချပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ပေ(၂၀ x ၆၀)ရှိ မြေချပါမစ် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မူလအမည်ပေါက် ဦးစိုးသိန်းထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးဝင်းသိန်း ၁၂/ဥကမ(နိုင်)၀၂၅၃၃၁ က မိမိကသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်း၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုပြီး ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဒွမ်ဆောက်လျှင် ၁၃/နခန(နိုင်)၀၅၂၇၃၀ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ပြသကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ သတ်မှတ်ရက် ကျော်လွန်က ဤမြေကွက်အရောင်းအဝယ်ကို အပြီးအပိုင်ဝယ်ယူရန် အတွက် တရားဥပဒေနှင့်အညီ အပြီးအပိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်ဒွမ်ဆောက်လျှင် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုအောင် (LL.B)** | **ဒေါ်ဖွေးလဲ့ဖြူ (LL.B)** |
| **(စဉ်-၁၃၄၉၈/၂၀၁၇)** | **(စဉ်-၅၃၁၃၁/၂၀၂၀)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**အမှတ်(၃၃၂)၊ ဒုတိယထပ်၊ သီလ(၁၀)လမ်း၊ (၄)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၇၇၈၉၄၀၂၀၆**

## ဒေါ်ထွေး (၁၂/ဒဂမ(နိုင်)၀၃၂၄၃၃) နှင့် ဒေါ်ဇာနည်မော် (၁၂/ဒဂမ(နိုင်)၀၁၇၂၆၅) တို့ သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင် ရပ်ကွက်အမှတ် ၄၉၊ မြေကွက်အမှတ် ၃၇၅၊ မြေအကျယ် ပေ(၄၀ x ၆၀) ရှိ မြေကွက်သည် အထက်အမည်ပါ ဒေါ်ထွေးနှင့် ဒေါ်ဇာနည်မော်တို့မှ ပူးတွဲအမည်ပေါက် ပိုင်ဆိုင်ပြီး ယင်းမြေကွက်၏ မြေငှားဂရန်မူရင်းမှာ လူကြီးမင်းတို့ နှစ်ဦး၏လက်ဝယ်တွင် ရှိနေပါသည်။ ယင်းဂရန်မူရင်းအား ဒဂုံမြို့သစ်ခရိုင် တရားရုံး၊ တွဲဘက်(၁) တရားသူကြီးရုံး၊ တရားမကြီးမှုအမှတ် ၆၂/၂၀၂၃ အမှုတွင် တင်ပြရန် လိုအပ်လျက်ရှိပါသည်။

လူကြီးမင်းတို့သည် ဖော်ပြပါမြေကွက်၏ မြေငှားဂရန်မူရင်းအား ဒဂုံမြို့သစ်ခရိုင်တရားရုံးတွဲဘက်(၁)တရားရုံးသို့ ၄-၄-၂၀၂၄ ရက် မွန်းလွဲ ၂:၀၀ နာရီတွင် လာရောက်ပြသပေးပါရန်အတွက် သက်သေခံဥပဒေ ပုဒ်မ ၆၆ နှင့်အညီ တောင်းဆိုအပ်ပါသည်။

**တရားပြိုင် ဦးကျော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှိုင်ဘွား(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၃၀/၂၀၁၂)**
**ဖုန်း-၀၉-၈၉၂၇၅၅၀၁၂**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရွှေဖူးမျှော်လမ်း၊ အမှတ်(၉)နေ ဒေါ်နွယ်နွယ်ဝင်း ၁၂/ဒပန(နိုင်)၀၃၉၁၃၇ မှ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူလမ်း၊ အမှတ်(၅၈၁)နေ ဦးဝင်းလှိုင် ၁၂/ဥကတ(နိုင်)၁၄၉၆၃၆ အား ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂-၁၁-၂၀၂၃ ရက်၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၃၃၈၃/၂၀၂၃)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးထားခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအား ၂၇-၃-၂၀၂၄ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွယ်နွယ်ဝင်း ၁၂/ဒပန(နိုင်)၀၃၉၁၃၇**
**အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်သူ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ရောမင်းလမ်း၊ အိမ်အမှတ် ဏ/၂၀နေ ဖခင်ဦးသောင်းဦး၊ မိခင် ဒေါ်နန်းယိမ်းတို့၏သမီး ဒေါ်စီစီဝင်းလှိုင်ဦး ၃/မဝတ(နိုင်)၀၀၇၂၃၄ သည် မိဘများ၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန် အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ (လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းယိမ်း ၃/မဝတ(နိုင်)၀၀၃၂၃၅**
**အမှတ်(၅)ရပ်ကွက်၊ မြဝတီမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သျှံလျှက်မော်တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၄၈)၊ ဦးပိုင်အမှတ် (၃-င)၊ ၈၆လမ်း၊ ကန်တော်ကြီးပတ်လမ်းရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ(ဖခင်)ဦးပြည့်၊ (မိခင်)ဒေါ်ကြည်တို့ အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၃၇၀/၂၀၀၃)ဖြင့် အမွေဆက်ခံခဲ့သည့် သား၊ သမီးများဖြစ်သော ဒေါ်ပွေး၊ ဒေါ်ပို၊ ဒေါ်ချိုချို၊ ဦးကိုလေး၊ ဒေါ်မြင့်မြင့်ခိုင်တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၃၇၂/၂၀၀၄) ဖြင့် ဦးမောင်မောင်ကဝယ်ယူခဲ့ပြီး ဦးမောင်မောင်(လူပျိုကြီးဘ၀)ဖြင့် ကွယ်လွန်၍ မွေချင်းညီအစ်ကိုမောင်နမ(၄)ဦးရှိသည့်အနက် အမွေရှင်အပျိုကြီး၊ လူပျိုကြီးများ ကွယ်လွန်သည့်အခါ အမွေသည်အထက်သို့ မဆန်အောက်သို့ သာစုန်သည်ဟူသော ဓလေ့ထုံးတမ်းအရ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၅၇၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် ညီမများဖြစ်သည့် ဒေါ်လှမြင့် ၇/ပမန(နိုင်)၀၆၉၆၄၂၊ ဒေါ်ရှုတ်လူ(ခ)သန်းသန်းအေး ၇/ပမန(နိုင်) ၀၆၉၆၄၃ တို့က အမှုတွဲအမှတ် ၀၈၆၉/ဘ(ပြောင်း)/၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၆)၊ ဦးပိုင်အမှတ်(၉၄)၊ ၅၈လမ်း၊ ၃၀ x ၃၁ လမ်းကြားရှိ ဂရန်မြေကွက်အ မည်ပေါက်သူ ဦးအေးလွင် ၉/မနမ(နိုင်)၀၆၀၆၁၈၊ ဒေါ်သန်းတင် ၉/မနမ(နိုင်)၀၅၆၁၆၁ တို့က အမှုတွဲအမှတ် ၇၉၃၂/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက် အမှတ်(၈၁၈)၊ ဦးပိုင်အမှတ်(၅၃-စ)၊ ၆၂ လမ်း၊ ၃၂ x ၃၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အေးစီ ၁၃/မကန(နိုင်)၀၀၁၇၂၆ က အမှုတွဲအမှတ်၇၉၃၁/၂၀၂၃-၂၀၂၄ ဖြင့်သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော်/ကျွန်မ၏သားဖြစ်သူ မောင်အောင်သက်ကို ၅/မရန (နိုင်)၂၅၉၉၀၁ သည် မိဘ၏ဆိုဆုံးမမှုအား နာခံမှုမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပြီး ၁၃-၂-၂၀၂၄ ရက်မှစ၍ နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားတာဝန်ယူ ဖြေရှင်းမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**(ဖခင်)ဦးကျော်ကျော် ၈/မထန(နိုင်)၀၀၈၇၈၀**
**(မိခင်)ဒေါ်သိန်းသိန်းဌေး ၈/မထန(နိုင်)၀၀၈၇၈၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ ဒု-တပ်ကြပ်တင်ယု (ကိုယ်ပိုင်အမှတ် ၉၄၅၄၅၄) ၊ ၉/တကန(နိုင်)၂၁၀၉၀၄ (ဘ) ဦးတင်စိုး အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၁၉၆၀ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်အေးအေးမူ ၈/မသန(နိုင်)၀၆၅၅၅၃ (ဘ)ဦးဘိုသန်းမှ တရားဝင် အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒုတပ်ကြပ်တင်ယု သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ အင်း၀(၉)လမ်း၊ မြေကွက်အမှတ် (၁၀၃၃/ခ)၊ မြေပေ အကျယ်ပေ(၂၀ x ၆၀)ရှိမြေပေါ်တွင် မြေပိုင်ရှင်ကိုယ်တိုင် ဆောက်လုပ်ထားသော (၁)ခန်းတည်း(၆)ထပ် RC အဆောက်အအုံမှ မိမိတစ်ဦးတည်းအကျိုးခံစားခွင့်ရှိသည့် ပထမထပ်(၂-လွှာ)၊ အခန်းအကျယ်အဝန်း(၁၈ x ၅၄)ပေ၊ အမြင့်(၉)ပေရှိ တိုက်ခန်းတစ်ခန်းကို ရောင်းချသူ ဦးဉာဏ်ဦး ၁၂/သဃက(နိုင်)၀၀၉၇၅၂ က မိမိသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သုနန္ဒီစိုး ၁၂/ကမရ(နိုင်)၀၆၁၁၈၉ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ အလင်းရောင်(၃)ရပ်ကွက်၊ အမှတ်(၅၂၃)၊ တတိယထပ် (ခေါင်းရင်းခန်း)တိုက်ခန်း အပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အားလက်ရှိ ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးမိုး ၁၂/သကတ(နိုင်)၁၀၂၆၆၀ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသူရိန်ထွန်း ၁၁/စတန(နိုင်)၁၁၈၂၇၇ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B,D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးမင်းမင်း၏သမီး ကျွန်မ မသူဇာမင်း ၁၄/ဘကလ(နိုင်) ၄၀၃၈၅၁ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၄၈၅၃၁၂၇

## မှတ်ပုံတင်ကိုင်ဆောင်သည်မှာ မှန်ကန်ပါကြောင်း

ကျွန်တော် မောင်သူရဇော်သည် ၁၄/ပတန(နိုင်)၂၂၂၀၀၇ မှတ်ပုံတင် နံပါတ် ကိုင်ဆောင်သည်မှာ မှန်ကန် ပါကြောင်း အသိပေး ကြော်ငြာ အပ်ပါသည်။

**မောင်သူရဇော်**
**၁၄/ပတန(နိုင်)၂၂၂၀၀၇**

## အမည်ပြောင်း

ပဲခူးမြို့ပုဏ္ဏားစုရပ်ကွက်နေ မဆုရှန်းတွယ်တာ(ဘ)ဦးတင်ဦးနိုင် ၇/ပခန (နိုင်)၄၂၀၆၄ အား မသွန်းသုစည်ဖို့ ဟုအမည်ပြောင်းလဲခေါ်ဆိုပါရန်၊

မသွန်းသုစည်

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၆/အနောက်)ရပ်ကွက်၊ ဇမ္ဗူသီရိ (၃)လမ်း (အနောက်)၊ တိုက်အမှတ် (၈၅)၊ (၂)ခန်းတွဲ RC(၆)ထပ်အဆောက် အအုံ၏ တတိယထပ်(၄ လွှာ)အခန်း (တိုက်ကိုမျက်နှာမူလျှင်လက်ဝဲဘက်ခြမ်း အခန်း)၊ ဧရိယာ(၉၁၈)စတုရန်းပေရှိ တိုက်ခန်း နှင့် ၎င်းတိုက်ခန်းပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ် သော ဒေါ်မြင့်သီတာချို ၁၂/ဗဟန(နိုင်)၀၀၂၅၂၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်အေးမြတ်မွန် ၁၂/သကတ(နိုင်)၁၉၈၂၂၈ က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျ ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်အေးမြတ်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာကျော်**
**LL.B,D.B.L,D.I.L,D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၃၇)၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက် အမှတ်(၄)၊ သီလလမ်း၊ မြေကွက်အမှတ်(၉၆၄)၊ မြေပေအကျယ်(၄၀ x ၆၀)ပေရှိ မြေပေါ်တွင် ဆောက်လုပ်နေသော(၂)ခန်းတွဲ(၆)ထပ် RC အဆောက်အအုံမှ ကန်ထရိုက်တာ အကျိုးခံစားခွင့်ရှိသည့် ဒုတိယထပ်(၃-လွှာ)၊ (ခြေရင်းခန်း)၊ အခန်းအကျယ် အဝန်း(၁၇ x ၅၄)ပေ၊ အမြင့်(၉)ပေရှိ ကြိုပ္ပိုင့်တိုက်ခန်းကို ကန်ထရိုက်တာထံမှ ဒေါ်နော်ယဉ်ယဉ်မင်း ၁၂/ဥကတ(နိုင်)၀၆၂၀၇၉ က ဝယ်ယူရန် အရစ်ကျငွေများ ပေးချေနေဆဲကာလတွင် အရှုပ်အရှင်းကင်းရှင်း၍ မိမိမှ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန် အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နွဲ့နွဲ့အေး ၁၂/ဥကမ(နိုင်)၀၁၇၆၁၈ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ် မျိုးသူ(ကိုယ်ပိုင်အမှတ် ၇၂၀၇၅၉ ၉/ပမန (နိုင်)၂၁၃၉၉၁ (ဘ) ဦးအေးမောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၄၆၈၃ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင် အမွေခံမိခင်ဖြစ်သူ ဒေါ်ညွန့်ညွန့်လွင် ၇/ရတရ(နိုင်) ၀၀၉၂၅၅ (ဘ)ဦးဖိုးဇံမှ တရားဝင် အမွေခံမိခင်ဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုး ပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်မျိုးသူ သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက် ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထား ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှား စာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးသန်းထွန်း

## သယံဇာတရေးရာဝန်ကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့

## အသက်(၆၈)နှစ်

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်း သည် ၂၄-၃-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၇:၂၀နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သယံဇာတရေးရာဝန်ကြီး**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/အနောက်)၊ ဝေဇယန္တာလမ်း၊ မြေကွက်အမှတ် (၆၀၁/ခ)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးသိန်းဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၆၀၂/က) နှင့်ကပ်လျက် အကျယ်အဝန်း (၁၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်သိန်း (၁၂/သကတ (နိုင်) ၁၃၇၃၉၄) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ဝင်းဝင်းဖြိုး | ဒေါ်ဝေဝေထွန်း |
| LL.B, D.B.L, D.I.L.U.F.L(Eng) | LL.B, |
| အထက်တန်းရှေ့နေ(စဉ်-၃၇၈၂၄) | အထက်တန်းရှေ့နေ(စဉ်- ၅၅၈၂၆) |

၀၉ ၄၂၁၁ ၂၀၃၄၇ ၊ ၀၉ ၇၉၇ ၄၂၂ ၃၇၇

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ကျွန်မ မရီလှိုင်ရှိုး ၁၃/ကခန(နိုင်)၁၅၈၇၁၆ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၇၆၃၈၁၁

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း ကြေညာခြင်း

လောက်ကိုင်မြို့၊ ရွှေယင်စီးရွာနေ မလီရှောက်ဝေ ၁၃/လကန(နိုင်) ၀၁၃၅၅၈၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၈၅၂၇၁၈၅

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ဆရာစံမြို့သစ်နေ ကျွန်မ မသိင်္ဂီအောင် ၇/သဝတ (နိုင်)၁၅၁၆၃၇ ၏ နိုင်ငံကူးလက်မှတ် အမှတ် MG811644 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၄၀၅၈၀၀

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/9209 လက်ဝယ်ရှိသူ ဦးပြေး ၁၀/ကမရ(နိုင်)၀၁၇၈၇၈ က ယာဉ်မှတ်ပုံတင်စာအုပ်(က-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၃၇) ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ မြေတိုင်း(၃၇)၊ မြေကွက်အမှတ်(ပ-၃၃)၊ (ပ-၃၄)ဟု ခေါ်တွင်သော အကျယ်အဝန်း အလျား(၈၀)ပေ x အနံ(၁၉၅)ပေရှိ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်တို့ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ဖြူသင်းနု ၁၂/ကမရ(နိုင်)၀၆၀၈၄၄ မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေ ဦးစိုင်းထွန်းကျော် ၉/မတရ(နိုင်)၀၂၃၆၆၇ မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် မြေကွက်(၂)ကွက်၏ တန်ဖိုးငွေ တစ်ဝက်တိတိကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏ မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသီဟ(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၂၁၂၇)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၀၂၅၄၇၁၆၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ တရော်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၄/တရော်ကုန်း)၊ ဦးပိုင်အမှတ်(၂၅၆)၊ဧရိယာ(၀.၀၇၁)ဧကရှိ ဘိုးဘပိုင်မြေသည် အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဦးမောင်ငြိမ်း၊ ဒေါ်ခင်လှဖော် အမည်ပေါက် အိမ်မြေကွက်ဖြစ်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား (၁၄-၃-၂၀၂၄)ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေငြာစာချုပ်အမှတ်(၈/၂၀၂၄)အရဦးနော်အောင်မှ ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၃၀)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဦးစီးဌာနမှူး**
**အောင်လံမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၁၂)၊ ဦးပိုင်အမှတ်(၈၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဗိုလ်ကြီးစိုးမိုးသိမ်း အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ဗိုလ်ကြီးစိုးမိုးသိမ်း ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြည်ကြည်အောင်(ဘ) ဦးအောင်ခင် က အရောင်းအဝယ် အရပ်ကတိစာချုပ်ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့် အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဗိုလ်ကြီးစိုးမိုးသိမ်းနှင့်တကွ အများသိရှိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် LL.B(Advocate) တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၇၅)**
**၃၈ လမ်းနှင့် ၆၉ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၄၀၂၅၉၆၅၅၁**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးဦးစောမြ

## (မန်နေဂျာ၊ ကုန်သွယ်လယ်ယာ-ငြိမ်း)

## အသက်(၈၅)နှစ်

အခွန်အယူခံခုံအဖွဲ့ရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ ဦးကျော်ဇေယျ (၂) ၏ ဖခင်ဖြစ်သူ ဦးဦးစောမြ အသက်(၈၅)နှစ်သည် ၂၅-၃-၂၀၂၄ရက်၊ (တနင်္လာနေ့)၊ မွန်းလွဲ (၁:၀၅)နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံး**
**ဝန်ထမ်းမိသားစုများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

# ဦးဖေဝင်း

## ( စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အမှတ်-ရက(တွင်း)

## ၀၀၈၁၇(၈၀၁)

## အသက်(၉၄)နှစ်

ထားဝယ်မြို့နေ (ဦးဘရင်-ဒေါ်သင်ညာ)တို့၏သား၊ သုံးဆယ်မြို့၊ စံရွှေးကျေးရွာနေ (ဦးအုန်းရွှေ-ဒေါ်ကျင်)တို့၏ သားသမက်၊ (ဒေါ်အေးကြည်) ၏ ချစ်လှစွာသောခင်ပွန်း၊ ထောက်ကြန့်မြို့၊ တိုးချဲ့(၃)ရပ်ကွက်၊ မြသဇင်လမ်း၊ အိမ်အမှတ်(၃/၃၅၂)နေ ဦးဝင်းဦး-ဒေါ်ခင်အေးဝင်း၊ မြောက်ပိုင်း၊ တောရကျောင်း၊ (၄)လမ်းနေ ဦးစိုးဝင်း-ဒေါ်အေးစန္ဒာကြည်၊ ကူကြီးကုန်း၊ သရဖီလမ်းနေ ဒေါ်ညို ညိုဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊မြေး(၁၀)ယောက်၊ မြစ်(၆)ယောက်တို့၏ အဘိုး ဦးဖေဝင်း အသက်(၉၄)နှစ်သည် ၁၈-၈-၂၀၂၁ရက်၊ နံနက်၅ နာရီတွင်(၉၆) ပါးသောရောဂါဖြင့် ထောက်ကြန့်မြို့၊ တိုးချဲ့(၃) ရပ်ကွက်၊ မြသဇင်လမ်း၊ အိမ်အမှတ်( ၃/၃၅၂ )နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကောင်းမွန်စွာမီးသင်္ဂြိုဟ်ပြီး ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်၊ အကွက်အမှတ်(၅/စမ်းချောင်း)၊ ဦးပိုင်အမှတ်(က/၁၅၉)၊ ဧရိယာ(၀.၀၃၉)ဧကနှင့် ဦးပိုင်အမှတ်(ခ/၁၆၀)၊ ဧရိယာ (၀.၀၆၀)ဧကရှိဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိစာရင်းမြေပုံများတွင် ဦးမြင့်ကြည်၊ ဒေါ်ကြင်ဆိုင်တို့ အမည်ပေါက်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား (၁၄-၃-၂၀၂၄)ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေငြာစာချုပ်အမှတ်(၁၁/၂၀၂၄)အရ ဦးမြင့်ကြည်မှ ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါ သည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၃၀)ရက်အတွင်းစာရွက်စာတမ်း မူရင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဦးစီးဌာနမှူး၊အောင်လံမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်(၃/ကန်ကြီး)၊ ဦးပိုင်အမှတ်(၁၁၆)၊ ဧရိယာ(၀.၀၂၂) ဧကရှိ ဘိုးဘပိုင်မြေသည် အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဒေါ်မိုးမိုးသူ အမည်ပေါက် အိမ်မြေကွက်ဖြစ်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား (၁၅-၁-၂၀၂၄) ရက်စွဲပါ အရောင်းအဝယ်စာချုပ်အမှတ် (၄/၂၀၂၄) အရ ဦးအောင်မျိုးထွန်း၊ ဒေါ်ခင်မွေးမွေး၊ ဒေါ်ခင်ထွေးထွေးတို့မှ ၎င်းတို့အမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထား လာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၃၀)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက် အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဦးစီးဌာနမှူး**
**အောင်လံမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(SK-၁၃၉)၊ ဧရိယာ(၀ ဒသမ ၂၃၆)ဧကရှိ ဒေါ်ယဉ်ယဉ်နွဲ့ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကောင်းမြတ်ဇော်(ဘ)ဦးဇော်ကိုကို ၁၂/သဃက(နိုင်)၁၇၁၆၇၉ မှ မြေငှားစာချုပ် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၃၇/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်ပိုးအိခင်(ဘ)ဦးခင်မောင်သန်း ၁/မညန(နိုင်) ၁၂၉၈၃၉ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ်အေးသိန်း (ကိုယ်ပိုင်အမှတ် ၆၄၆၈၅၁) ၉/ပမန(နိုင်)၁၉၁၁၉၈ (ဘ)ဦးထွန်းစိန် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ (င) ၂၁၀၃ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်ရီရီထွေး ၉/ပမန(နိုင်)၁၉၀၉၃၈ (ဘ)ဦးကုလားမောင်မှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်အေးသိန်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ဦးကျင်မင်း(ခ)ဦးညီပု

## ကျောက်ဖြူ/ရန်ကုန်

## အသက် (၉၃)နှစ်

ကျောက်ဖြူမြို့၊ ရုံးတက်လမ်းနေ (ဦးအဟီ-ဒေါ်ဖြူ)တို့၏သား၊ အိမ်အမှတ် (၄၈)၊ လှည်းတန်းလမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ခင်ကျင်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်ရှိန်-ဒေါ်နီထိန်)၊ (ဦးကြင်ဝင်း)-ဒေါ်သာမြိုင်တို့၏ညီ၊ (ဒေါ်သောင်း-ဦးသန်းမြင့်)၊ (ဦးလှမြင့်)-ဒေါ်ရွှေမြခိုင်၊ ဒေါ်ခင်ခင်စော(စင်ကာပူ)၊ ဒေါက်တာလှဖေ-ဒေါ်ဝင်းဝင်းသန်း(U.S.A)၊ ဦးထွန်းလွင်-ဒေါ်အောင်ကြည် (U.S.A)၊ ဦးကျင်ဝါ-Raya (Botswana)တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ဦးကျင်မင်း သည် အမှတ် ၄၈၊ လှည်းတန်းလမ်းမကြီး၊ ကမာရွတ်မြို့နယ်နေအိမ်၌ ၂၅-၃-၂၀၂၄ရက် (တနင်္လာနေ့) နံနက် ၃:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၂၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ပန်းလှိုင်အိမ်ရာ (Pun Hlaing Estate)အတွင်းရှိ Golf Course View Villa အိမ်အမှတ် (၁၉၃/၆၁)၊ မြေကွက်အမှတ် (၂၇၀)၊ အကျယ်အဝန်း (၁၂၃၁၃) စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးလျှူဖူဝေ (၉/ပဥလ(နိုင်)၀၀၀၂၀၉)မှ လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးစိန်ဝင်း (၁၂/သဃက(နိုင်)၀၀၁၀၈၉)နှင့် ဒေါ်ချိုကြူဖန်(ခ) ဒေါ်ချောစုနွယ် (၁၃/ကခန(နိုင်) ၀၃၄၇၉၀)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာပါရှိသည့် ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်အလွှဲအပြောင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးစိန်ဝင်းနှင့်ဒေါ်ချိုကြူဖန်(ခ) ဒေါ်ချောစုနွယ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းခန့်ဦး (LL.B, LL.M, WIPO SWITZERLAND)**
**အထက်တန်းရှေ့နေ[စဉ်-၅၃၄၉၄/၃၁-၈-၂၀၂၀]**
**တိုက်အမှတ်(၉)၊ ရပ်ကွက်အမှတ်(၃၆)၊ နဝဒေးဥယျာဉ်အိမ်ရာ**
**လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၆၅၄၇၉၆၈၆၊ ၀၉-၄၅၃၀၃၁၀၁၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၂၁၊ ဦးပိုင်အမှတ် ၇၄)၊ ၆၅ x ၆၆ လမ်း၊ ယောမင်းကြီး x ဖိုးရာဇာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မင်းမင်းသန့် ၉/မရတ(နိုင်)၁၁၂၃၇၈၏ (S.P ရရှိသူ ဦးကျော်သူဝင်း)က အမှုတွဲအမှတ် ၇၉၄၃/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/5360, Shwepalae Newepalae, P/U လက်ဝယ်ရှိသူ ဒေါ်သန်းသန်းလေး+ဒေါ်မြင့်မြင့်သိန်း ၇/ပခတ(နိုင်) ၁၄၃၉၅၀+၇/ပခတ(ပြု)၀၀၀၀၀၆ က ယာဉ်မှတ်ပုံတင်စာအုပ်(က-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4K/4978 လက်ဝယ်ရှိသူ ဦးစံအောင် ၁၀/ကမရ(နိုင်)၀၉၁၄၂၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၅၇၇၃၉ ယာဉ်လက်ဝယ်ရှိသူ ဦးစံအောင် ၁၀/ကမရ(နိုင်)၀၉၁၄၂၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ဃ/၅၀၇၉၆ ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းဦး kmw-၁၄၂၆၁၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

❖ **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသားညီအစ်ကိုအားလုံး စည်းလုံးညီညွတ်ရေး တို့သည် မိမိတို့ ဦးတည်ရမည့် အမျိုးသားရေးကိစ္စ၊ အမျိုးသားရေး အကျိုးစီးပွားပင် ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မင်းလှကျင်းကျေးရွာ လှည်းတန်းအဖွဲ့ကို ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းက ဆင်လိမ္မာလေးများဖြင့် ပထမဆုံးအကြိမ် သွားရောက်ဂုဏ်ပြု ညှော်ခံဖျော်ဖြေပေးခဲ့

မင်းဘူး မတ် ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော် ဘုရားပွဲသို့ လှည်းယဉ်တန်းများဖြင့် ရေးအစဉ်အလာ ရိုးရာမပျက် ဘုရားဖူးသွားရောက်ခဲ့ကြသည့် မင်းလှကျင်းကျေးရွာမှ လှည်းတန်းအဖွဲ့များရှိရာသို့ ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်းက ဆင်လိမ္မာလေးများဖြင့် တပေါင်းလပြည့်နေ့က ပထမဆုံးအကြိမ် သွားရောက်ဂုဏ်ပြုညှော်ခံဖျော်ဖြေပေးခဲ့ကြောင်း အဆိုပါဆင်စခန်းတာဝန်ခံထံမှ သိရသည်။

မင်းလှကျင်းကျေးရွာမှ ဒေသခံပြည်သူများသည် ယခုနှစ် မန်းရွှေစက်တော် ဘုရားပွဲတော်သို့

စာမျက်နှာ ၉ ကော်လံ ၁ ❖



ယနေ့ သတင်းအညွှန်း

**ကောလင်းမြို့နယ် ပန်းတင်ကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် နေအိမ်များ မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ**

ပြည်တွင်းသတင်း စာ ၁၈

**ဖလော်ရီဒါပြည်နယ်၌ ၁၄ နှစ်အောက်ကလေးများ လူမှုမီဒီယာအကောင့်ပိုင်ဆိုင်ခွင့်တားမြစ်သည့် ဥပဒေတစ်ရပ်ထုတ်ပြန်**

နိုင်ငံတကာသတင်း စာ ၁၉

# မက်ဒီဆင်ကီးစ်ကိုအနိုင်ယူကာ မိုင်ယာမီအိုးပင်း ကွာတားဖိုင်နယ် နာမည်ကြီးတင်းနစ်မယ် ရှိုင်ဘာကီနာ တက်လှမ်း

မိုင်ယာမီအိုးပင်းတင်းနစ် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ကာဇက်စတန်တင်းနစ်မယ် အီလန်နာရှိုင်ဘာကီနာသည် ပြိုင်ဘက်အမေရိကန်တင်းနစ်မယ် မက်ဒီဆင်ကီးစ်ကို အနိုင်ယူကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။



အီလန်နာရှိုင်ဘာကီနာ

အဆိုပါအဆင့်တွင် နိုင်ခြေအဆင့် (၄) ရှိသော ရှိုင်ဘာကီနာသည် နိုင်ခြေအဆင့် (၁၇) ရှိသည့် ပြိုင်ဘက် ကီးစ်ကို ၆-၃၊ ၇-၅ ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိပြီး နောက်တစ်ဆင့်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ရှိုင်ဘာကီနာသည် မိုင်ယာမီအိုးပင်းပြိုင်ပွဲ ၆၄ ဦးအဆင့်တွင်

စာမျက်နှာ ၉ ကော်လံ ၃ ✪

# မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ၂၀၂၄ အာရှဖလားပြိုင်ပွဲမတိုင်မီ အာဖဂန်နစ္စတန်၊ ကူဝိတ်၊ ကာဂျစ္စတန်အသင်းတို့နှင့် ခြေစမ်းကစားမည်

ရန်ကုန် မတ် ၂၆

ဧပြီတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခွင့်ရထားသည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာဖဂန်နစ္စတန်၊ ကူဝိတ်၊ ကာဂျစ္စတန်အသင်းတို့နှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာရှဖလား ဖူဆယ်ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ လေးပွဲကို ရန်ကုန်မြို့တွင် နှစ်ပွဲ၊

စာမျက်နှာ ၉ ကော်လံ ၃ ❍



# မြန်မာ့အလင်း

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
၂၀၂၄ ခုနှစ်၊ မတ် ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့



*အချုပ်ပို (ဃ) မှ*

တစ်ဖန် ၁၉၄၈ ခုနှစ် မေလ ၂၅ ရက်နေ့တွင် ကြေညာလိုက်သည့် ထိုစဉ်က ဝန်ကြီးချုပ် ဦးနု၏ "နုမူ ၁၅ ချက်" ဂယက်ကြောင့် ပြည်သူ့ရဲဘော်အဖွဲ့သည် နှစ်ခြမ်းကွဲသွားခဲ့လေသည်။ ရဲဘော်ဝါတို့က "နုမူ" ကို လက်ခံကြပြီး ရဲဘော်ဖြူတို့က လက်မခံကြ။ ဤသို့ဖြင့် ၁၉၄၈ ခုနှစ် ဇူလိုင်လတွင် ရဲဘော်ဖြူတို့ တောခိုသွားကြပြန်သည်။

## လက်နက်စွဲကိုင်၍ အတိအလင်းပုန်ကန်

ကွန်မြူနစ်ဝါဒသည် ဂျပန်တော်လှန်ရေးအတွက် ပြင်ဆင်ချိန်ကပင် ဖက်ဆစ်ဆန့်ကျင်ရေးနှင့်အတူ တပ်မတော်အတွင်းသို့ ဝင်ရောက်လာခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် တပ်မတော်ကို ပြန်လည်ဖွဲ့စည်းခဲ့သောအချိန်၌ ထိုဝါဒသည် ဆက်ခံရမည့် အမွေတစ်ရပ်အနေဖြင့် ငြိတွယ်ပါလာခဲ့သည်။ ပြင်ပတွင် ကွန်မြူနစ်နှင့် ပြည်သူ့ရဲဘော်ဖြူတို့ လက်နက်စွဲကိုင်၍ အတိအလင်း ပုန်ကန်ကြသောအခါ ထိုဂယက်သည် တပ်တွင်းသို့ ရိုက်ခတ်လာပြီး တပ်ရင်းအချို့ တောခိုသွားခဲ့ကြပြန်သည်။

ထိုအတွင်း ကေအင်န်ဒီအို လက်နက်ကိုင် အဖွဲ့တို့သည် တစ်နေ့တခြား ပိုမို၍ ထကြွလှုပ်ရှားလာကြသည်။ အစိုးရကို ပေါ်ပေါ်ထင်ထင်ပင် ပုန်ကန်လာကြသည်။ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အင်းစိန်မြို့ကို သိမ်းပိုက်လာကြရာမှ အင်းစိန်တိုက်ပွဲ စတင်ဖြစ်ပွားလာသည်။ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် တောင်ငူမြို့ကို အတိအလင်း သိမ်းပိုက်လိုက်ကြသည်။ ထိုစဉ်က တောင်ငူတွင် ကရင်သေနတ်ကိုင်တပ်ရင်း (၁) ရှိနေသည်။ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ပြည်မြို့ကို ကရင်သေနတ်ကိုင်တပ်ရင်း (၂)က သိမ်းပိုက်သည်။

တောင်ငူမှ သူပုန်တပ်တို့သည် ပဲခူးသို့ ဆင်းလာသည်။ ပြည်မှ သူပုန်တပ်တို့သည် ရန်ကုန်သို့ စုန်လာသည်။ ထိုစစ်ကြောင်း နှစ်ကြောင်းစလုံးသည် အင်းစိန်ရှိ ကေအင်န်ဒီအိုတို့နှင့် ပူးပေါင်းကာ ရန်ကုန်ကိုသိမ်းရန် ရည်ရွယ်သည်။



(၇၈) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ယန္တရားစစ်ကြောင်း ချီတက်စဉ်။

သို့ရာတွင် တောင်ငူမှဆင်းလာသော သူပုန်စစ်ကြောင်းကို ဗမာ့သေနတ်ကိုင် တပ်ရင်း (၆)နှင့် စစ်ရဲစစ်ဝန်ထမ်းတို့က ပဲခူးအဝင်မှာပင် တိုက်ဖျက်တွန်းလှန်လိုက်သည်။ ပြည်မှဆင်းလာသော သူပုန်စစ်ကြောင်းကို ဗမာ့သေနတ်ကိုင် တပ်ရင်း(၃) က ဝက်ကော်တစ်ဝိုက်တွင် တိုက်ခိုက်ချေမှုန်းလိုက်သည်။ အင်းစိန်၌ ဗမာ့သေနတ်ကိုင် တပ်ရင်း(၅)၊ ချင်းသေနတ်ကိုင်တပ်နှင့် အခြားရရာ ထုတ်နုတ်တပ်တို့က စုပေါင်း၍ ကေအင်န်ဒီအိုတို့အား တတိတိဖြင့် ခြွေနေကြရသည်။

အစိုးရအနေဖြင့် ထိုစဉ်က ပိုင်ပိုင်နိုင်နိုင် သိမ်းပိုက်စိုးမိုးထားနိုင်သည်က ရန်ကုန်၊ ပဲခူး၊ သာစည်၊ စစ်ကိုင်း၊ ရွှေဘို၊ မြစ်ကြီးနားနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ အနည်းငယ်မျှသော ခရိုင်မြို့ကြီးများသာ ရှိတော့သည်။ ပုသိမ်ကဲ့သို့သော မြို့ကြီးကိုပင် သူပုန်တို့သည် နာရီပိုင်းမျှ သိမ်းပိုက်နိုင်ခဲ့ကြသည်။ မော်လမြိုင်၊ သထုံ၊ ညောင်လေးပင်၊ တောင်ငူ၊ မိတ္ထီလာ၊ မန္တလေး၊ ပခုက္ကူ၊ မြင်းခြံ၊ ရေနံချောင်း၊ မင်းဘူး၊ မကွေး၊ ပြည်နှင့် မြစ်ဝကျွန်းပေါ်မှ မြို့ကြီးအချို့လည်း သူပုန်တို့၏ သိမ်းပိုက်ခြင်းမှ မလွတ်ခဲ့ကြ။

ထိုရောင်စုံသူပုန် ရန်သူတို့ကို လှေခွက်ချည်းကျန် အလံမလှဲတမ်း၊ ရင်မြေကတုတ် တွန်းလှန်ခုခံခဲ့ကြရသည်က တိုင်းပြည်၏ အရေးအခင်းတိုင်းတွင် ပြည်သူလူထု၏ရှေ့မှ အစဉ်အမြဲ မားမားမတ်မတ် ရပ်တည်ခဲ့သည့် အစဉ်အလာရှိသော တပ်မတော်။ ရန်သူနှင့် နှိုင်းယှဉ်လိုက်ပါက အရေအတွက်အားဖြင့် အဆပေါင်းများစွာ နည်းပါးလှကာ ကျည်ဆန်ခဲယမ်း မီးကျောက်တို့ကိုလည်း တစ်တောင့်ချင်း လက်ချိုးရေတွက်ပြီး တိုက်ခိုက်နေရသည့် မြန်မာ့တပ်မတော်သည် အသက်သွေးချွေးပေါင်းများစွာတို့ကို ပေးဆပ်၍ ထိုရန်သူမျိုးစုံတို့အား အကြိတ်အနယ် ပြန်လည်ခုခံခဲ့ရာမှ တစ်စတစ်စဖြင့် တန်ပြန်ထိုးစစ်ကို ဆင်နွှဲနိုင်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် တပ်မတော်သည် ယခင်က လက်လွတ်ဆုံးရှုံးခဲ့ရသော မြို့များကို တစ်မြို့ပြီးတစ်မြို့ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ သို့ရာတွင် တပ်မတော်သည် လွတ်လပ်ရေး ရရှိချိန်မှစ၍ အထွေထွေသောင်းကျန်းပုန်ကန်မှုများကို ရရာလက်နက်စွဲကိုင်၍ တွန်းလှန်တိုက်ခိုက်ကာ ပြည်တွင်းရန်ကို အပေါ်စီးရရုံမျှသာ ရှိသေးသည်၊ မြန်မာ့မြေပေါ်သို့ ကျူးကျော် စော်ကားလာသည့် တရုတ်ဖြူ အင်အားစုများနှင့် ဆက်လက်ရင်ဆိုင်ခဲ့ရပြန်သည်။

## စစ်ဆင်ရေးကြီးများဆင်နွှဲ၍ တွန်းလှန်တိုက်ခိုက်ခဲ့ရ

ထို့ကြောင့် တပ်မတော်သည် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းတွင် ခြေကုပ်ယူထားကြသော တရုတ်ဖြူများကို ဘုရင့်နောင်၊ ရန်ကြီးအောင်၊ မဲခေါင်စစ်ဆင်ရေးကြီးများ ဆင်နွှဲ၍ ကျယ်ကျယ်ပြန့်ပြန့် ထိုးစစ်ဆင် တွန်းလှန် တိုက်ခိုက်ခဲ့ရပြန်ပါသည်။ ထိုစဉ်က တရုတ်ဖြူများသည် ခေတ်ပေါ်လက်နက်များကို ကိုင်တွယ်သုံးစွဲနေပြီဖြစ်သော်လည်း တပ်မတော်သည် ဒုတိယကမ္ဘာစစ်လက်ကျန် လက်နက်အဟောင်းအနွမ်းများဖြင့်သာ တိုက်ပွဲဝင်ခဲ့ရသည်။ ထို့အတူ ၁၉၇၀ ပြည့်လွန်နှစ်များတွင် အဓိက သောင်းကျန်းသူများသည် စွမ်းရည်မြင့် ခေတ်ပေါ်လက်နက်များကို ကိုင်ဆောင် သုံးစွဲလျက်ရှိချိန်တွင် တပ်မတော်သည် ခေတ်နောက်ကျနေသည့် လက်နက်များကိုသာ ကိုင်တွယ်ရလျက်ရှိသည်။

၁၉၇၀ ပြည့်လွန်နှစ်များတွင် လူအင်အား၊ လက်နက်အင်အား တောင့်တင်းလာကြသည့် ဗကပလက်ဝဲသောင်းကျန်းသူများ၊ ကေအိုင်အေ သောင်းကျန်းသူများနှင့် ကေအင်န်ယူ သောင်းကျန်းသူများက ပြန်လည်အတင့်ရဲလာပြီး အချက်အချာနေရာများကို စိုးမိုးနိုင်ရန် ဗျူဟာမြောက် လှုပ်ရှားမှုများပင်ပြုလုပ်လာခဲ့ကြသည်။ ဗကပများဆိုလျှင် လွတ်မြောက်သောဒေသ ထူထောင်တည်ဆောက်ရေးနှင့် ပြည်မသို့ ထိုးစစ်ဆင်ရေးကို ရည်မှန်းချက် ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ *အချုပ်ပို (ဂ) သို့*


KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကောလင်းမြို့ရှိ အုပ်ချုပ်မှု အဆောက်အဦများနှင့် မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးထားရှိမှု။




ကောလင်းမြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြန်လည်ထိန်းချုပ်ထားနိုင်မှုကို တွေ့မြင်ရစဉ်။

# (၇၉) နှစ်မြောက် တပ်မတော်နေ့ အထူးကဏ္ဍ



*အချပ်ပို (၁) မှ*

တပ်မတော်သည် ထိုစဉ်က နည်းနည်းနှင့် ကျဲကျဲဝိုင်း ဟူသော အသွင်သဏ္ဍာန်ဖြင့် ရပ်တည်ခဲ့ရသည်။ အင်အားကို တစ်နိုင်ငံလုံးဖြန့်ထားရသည့် အတွက် အချို့နေရာများတွင် သောင်းကျန်းသူများက သာလွန်များပြား ကြီးမားသောအင်အားများ စုစည်း တိုက်ခိုက်လာခဲ့ကြကြောင်း တွေ့ရှိရမည် ဖြစ်သည်။ သို့သော် တပ်မတော်သည် သတ္တိနှင့် ဖွဲ့အပေါ်တွင် အရင်းပြု၍ နေ့မအား ညမနား ပြည်သူ့အကျိုး သယ်ပိုးခဲ့သည်။ အရေးအကြောင်း ပေါ်လာပြီး တိုင်းပြည်လုံခြုံရေးကို ထိခိုက် တော့မည်ဆိုပါက တပ်မတော်သာလျှင် ရှေ့ဆုံးမှရပ်တည် တိုက်ပွဲဝင်ခဲ့ရသည် ချည်း ဖြစ်ခဲ့သည်။ ထို ၁၄ နှစ်တာ ကာလ တွင် တပ်မတော်သည် ကြီးမားသော တိုက်ပွဲကြီးများစွာကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့သည်။ သောင်းကျန်းသူများကို နိုင်ငံနယ်နိမိတ် မျဉ်းကြောင်း တစ်လျှောက်တွင် ထိန်းချုပ်နိုင်ခဲ့သည်။ သောင်းကျန်းသူများ အတွင်းပိုင်းသို့ မဝင်ရောက်နိုင်စေရန်လည်း ထိထိ ရောက်ရောက် ကာကွယ်ထားနိုင်ခဲ့သည်။ ဤခေတ်ကာလသည် တပ်မတော်၏ အစဉ်အလာကောင်းများကို စံနမူနာပြ ထိန်းသိမ်းနိုင်ခဲ့သောကာလ ဖြစ်သည်။

## နိုင်ငံတော်အား နိုင်ငံရေး၊ စစ်ရေး နည်းလမ်းပေါင်းစုံဖြင့်တိုက်ခိုက်

မြန်မာ့သမိုင်းကို ပြန်ပြောင်းလေ့လာ ကြည့်လျှင် မြန်မာနိုင်ငံသားအချင်းချင်း စည်းလုံးမှုပြိုကွဲခြင်းသည် ခွဲထွက်ရေး ဝါဒီများကို အခွင့်ကောင်းရရှိစေသည်။ ၁၉၆၂ ခုနှစ်တွင် ခွဲထွက်ရေးဝါဒီ တိုင်းရင်း သား အချို့သည် ဖက်ဒရယ်မူဟုဆိုကာ ဝိုင်းဝန်းအကျပ်ကိုင် တောင်းဆိုခဲ့ကြသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် လည်း EAOs အဖွဲ့အချို့သည် ခါတော်မီ ဒီမိုကရေစီ အရေခြုံကာ နိုင်ငံတော်အား နိုင်ငံရေး၊ စစ်ရေး နည်းလမ်းပေါင်းစုံဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့ကြလေသည်။

မျက်မှောက် ကာလတွင်လည်း အာဏာရပါတီ၏ မဲမသမာမှုကို အကြောင်းပြု၍ ပေါ်ပေါက်လာသော ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲ ဖြစ်ပေါ်မှုအပေါ် အခွင့်ကောင်းယူ၍ သစ္စာမဲ့ EAOs အဖွဲ့များက နိုင်ငံတော်နှင့် တပ်မတော် ပြိုကွဲရေးကို အပြင်းအထန် လုပ်ဆောင်လာကြပြန်သည်။ ပြည်ပ ဩဇာခံ သစ္စာမဲ့ EAOs အဖွဲ့များက အင်အားနည်းပါးသော တပ်မတော်စခန်း များ၊ ရဲစခန်းများနှင့် မြို့ရွာအချို့ကို အင်အားအလုံးအရင်းဖြင့် တိုက်ခိုက် သိမ်းပိုက်လာကြသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဟု ပါးစပ်က ဟန်ပြ ဟစ်ကြွေးလာကြသော်လည်း တကယ် တမ်းတွင် ၎င်းတို့၏ အစွဲများကို မချွတ်နိုင် ခဲ့ကြချေ။ ၎င်းတို့သည် ဝါဒအစွဲ၊ မာန်မာန အစွဲ၊ ဂိုဏ်းဂဏအစွဲ၊ ပုဂ္ဂိုလ်အစွဲအလမ်း၊ လူမျိုးရေးအစွဲအလမ်း စသည်တို့ အပေါ်တွင်သာ အခြေခံရပ်တည်ကြဆဲ ဖြစ်ပေသည်။ လူမျိုးရေးဝါဒီများ၊ ပဒေသရာဇ်စစ်ဘုရင်ဝါဒီများ၊ အနောက် မျှော်လက်ယာဝါဒီများ၊ ပုဂ္ဂိုလ်ရေး မာန်မာန အစွဲအပေါ်တွင် အခြေခံကြသူ များသည် ၎င်းတို့၏ မူလရည်မှန်းချက် များကို ပြန်လည်အကောင်အထည်ဖော် လာခဲ့ကြသည်။ လက်နက်အားကိုးဖြင့် ၎င်းတို့ စိုးမိုးထားသော ဒေသများတွင် ဗမာမုန်းတီးရေးဝါဒကို ရှေ့တန်းတင်၍ ဗမာကင်းစင်ရေးအတွက် လုပ်ဆောင် လျက်ရှိသည်ကို တွေ့မြင်နိုင်မည် ဖြစ်သည်။

## ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်

သို့ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန် အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒ အဖြစ် အမြဲဦးထိပ်ပန်ဆင်ထားသည့် တပ်မတော်က နိုင်ငံတော်အတွက် တာဝန်များ ပြဋ္ဌာန်းချက်ပုဒ်မ ၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ် စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း တို့၏ တာဝန်ဖြစ်သည်" ဟူ၍ လည်း ကောင်း၊ ပုဒ်မ ၃၈၆ တွင် "နိုင်ငံသားတိုင်း သည် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်" ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားသည်ဖြစ်ရာ သမိုင်းအစဉ် အလာကြီးမားခဲ့သော တပ်မတော်သည် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ် မြန်မာလူငယ် မောင်မယ် များကို ကမ်းလင့်ကြိုဆိုလျက်ရှိပေသည်။

မြန်မာ့တပ်မတော်ကြီးကို ဗိုလ်ချုပ် အောင်ဆန်း အမှူးပြုသော ရဲဘော် သုံးကျိပ်ဝင်များက စတင်တည်ထောင် ခဲ့သည်မှာ ယခုဆိုလျှင် (၈၃) နှစ် တိုင်ခဲ့ ချေပြီ။ တပ်မတော်နေ့မှာလည်း (၇၉)

> **" နိုင်ငံတော်၏ ပကတိ လိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက်၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် တပ်မတော်က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိ "**

အသက်ပေး ကာကွယ်စောင့်ရှောက်ခဲ့ရ ပြန်ပါသည်။ နိုင်ငံတော်၏ ပကတိ လိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်း ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက်၊ လွတ်လပ် ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး အတွက် တပ်မတော်က လိုအပ်သည် များကို ကူညီဆောင်ရွက်ပေးလျက် ရှိသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်း ခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှစတင်၍ အာဏာတည်သည့် နေ့ရက်အဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ (၇၉) နှစ် မြောက် တပ်မတော်နေ့အခါသမယတွင် တစ်ချိန်က စစ်ချီတေးသီချင်းတစ်ပုဒ် ဖြစ်သည့် **"မြန်မာတို့ရဲ့ တပ်မတော်"** စစ်ချီသီချင်းသည် သမိုင်းတစ်ပတ် ပြန်လည်လွင့်ပျံ့လာတော့သည်။

"မြန်မာ မြန်မာ ကမ္ဘာပေါ်မှာ ကြွားနိုင်စေဖို့ရာ၊ ဗျူဟာပညာတို့အမျိုး သားတို့ နားလည်စေချင်တာ၊ ဗျူဟာ ပညာသင်ကြားကြလို့ ကြိုးစားတို့မြန်မာ၊ တို့အမျိုးရဲ့ အကျိုးအတွက် သယ်ပိုး စေဖို့ရာ။

သေနင်္ဂမှာ ထိပ်တန်းကသာ၊ လူငယ် တွေဟာ မြန်မာတို့ရဲ့ တပ်မတော် ဝင်ရန် အချိန်သင့်တော်။

မြန်မာ အောင်လံ ကမ္ဘာထောင်ရန်၊ တို့တာဝန်ကြီးပါ။ အာဇာနည်တွေ တို့သွေးချွေးနဲ့ ရင်းနိုင်စေပြန်တာ၊ အာဇာနည်တွေ လွတ်လပ်ရေးမို့ သွေးမြေ ကျခံတာ၊ တို့အမျိုးနဲ့ တို့တိုင်းတွက်တာ သယ်ပိုးစေဖို့ရာ။

အောင်လံထွန်းပြောင်၊ ကြယ်ပေါင်း ခကာ၊ မြန်မာအောင်လံပါ၊ ဆောင်ရန် ကြဦးတော့ အလင်းရောင်ပေါ် မြန်မာတို့ရဲ့ တပ်မတော်"။ ။

## အမျိုးသားရေးအတွက်တပ်မတော်

☆ စိန်ရတုအလွန် လေးလီနှစ်ပေမို့
ချိန်ယခုအမွန် ဆေးပန်းချီအသစ်တွေနဲ့
ရေးစီလှစ်ပါရဲ့ ညွှန်းစေလွှာ
(ဩော်... တပ်မတော်သမိုင်းဆိုတာ)
အေးတကြည်ကြည် အတွေးအစီအရီဖြစ်သမို့
အရေးအလီလီသနစ်ပါကွဲ့ အမွှန်းနဘေကဗျာ။

☆ အမှန်အကြောင်းပေမို့
ပြန်ပြောင်းကာ ပဝေယခင်ကိုမှန်းရင်လာ့
မချို့အစဉ် ကိုယ့်ဘုရင် ကိုယ့်ပလ္လင်နန်းရယ်နဲ့
လက်ရုံးဆန့်တန်းခဲ့တာက မမေ့နိုင်စဖွယ်မို့
တစ်သက်လုံး အံ့မခန်းဖွံ့စာသ ယနေ့တိုင်ရယ်ပေါ့
ကမ္ဘာဟိုယခင်ဝယ် ဖွဲ့အဟုန်ပကတိရယ်က
မြန်မာဆိုရင်ကွယ် ရဲဂုဏ်ရှိလေတော့
(အာရှတစ်လွှားမှာလေ...)
အဓိကရ သတိဓမ္မနဲ့
(ကွယ်...)သိကြပေတာ...။

☆ ပြန်မတွေးချင်ဖွယ်
ကံမေ့စဉ် အနီတစ်ခါရယ်မတော့
မသတီစရာအသွယ်သွယ် အနောက်လူတွေ ညစ်ကြသမို့
ပြည်မြန်မာရယ် သဘောက်တစ်မူဖြစ်ရသကွဲ့
အနစ်... မခံပေ...ဘူး
အညာအကြေ ချင်းကရင်နဲ့ကယားရယ်လို့
မြန်မာတွေ အတွင်းအပြင်တစ်လွှားမှာဖြင့်
လေးမြားလုံ့ ရရာစွဲပါလို့
တိုက်ပွဲတွေ အလီလီနဲ့
အောင်ပွဲတွေ တစ်ချီတစ်ချီမင့်
မယှဉ်သာသည် လက်နက်ချင်းမမျှလေတော့
ယခင်ပမာအညီ အသက်နဲ့ရင်းကြပေမဲ့
အခင်းရယ်က ပသို့မျှမသာ
အထွတ်အမြတ် အတွေးပိုစရာ ဖယ်ဖယ်ပြေး။
(ကွယ်...)
လွတ်လပ်ရေးဆိုတာ တကယ်မလွယ်သေး။

☆ သုံးကျိပ်အခြေတည်
ဘုန်းရိပ်တွေ အလီလီပါကွဲ့
အစီအရီ တပ်မတော်သမိုင်းရယ်က
ပျံ့လှိုင်းကာ တံခွန်ထူသမို့
သူမတူ အကြောင်းခံစရာ နိုးကြားအတွေးတွေနဲ့
တဆူဆူ အပေါင်းမြန်မာ အမျိုးသားရေးပေမို့
လွတ်လပ်ရေးရဖို့လည်း ပြည်သူနဲ့အတူ
လွတ်လပ်ရေးထိန်းသိမ်းဖို့လည်း ပြည်သူနဲ့အတူ
ရန်သူဆို တွင်းပ – မခွဲပြီဘူ့
တိုက်ပွဲတွေ အရာအထောင်နဲ့
အောင်ပွဲတွေ အခါခါဆောင်ခဲ့
ပြည်ဘောင်တစ်ခွင် ရန်အလီလီအေးစေဖို့
ထွေးပိုက်လာ အစဉ်အလာမယိမ်းပါဘူ့
ခပ်သိမ်းပြည်တစ်ခွင် လမ်းမှန်မပျောက်တဲ့အပြင်
အောက်ထက်အကြေအညာ ဘေးမသီငြိမ်းလို့
စိမ်းလန်းဝေဖြာ
ကိန်းခန်းကုဋ္ဋေကုဋ္ဌာ အောင်နိမိတ်တွေနဲ့
တဘောင်အတိတ် အကောင်းလျှံကာဝေလို့
အပေါင်းမြန်မာတွေ တိုးတက်စေဖို့လေး.....။ ။

မောင်စိမ်းနောင်(လယ်ဝေး)

# မြန်မာတို့ရဲ့ တပ်မတော်

မင်းခေါင်



**မြန်မာ့တပ်မတော်ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်း (ဗိုလ်တေဇ) အမှူးပြုသော ရဲဘော်သုံးကျိပ်ဝင်များနှင့် မျိုးချစ်မြန်မာလူမျိုးများက မြန်မာ့လွတ်လပ်ရေးအတွက် သွေးသစ္စာရေသောက်၍ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)အဖြစ် ဦးစွာပထမ အုတ်မြစ်ချခဲ့သည့် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ စတင်ရေတွက်ကြည့်လျှင် (၈၃)နှစ်၊ ဖက်ဆစ်တော်လှန်ရေးအတွက် ရန်ကုန်မြို့ ဦးဝိစာရပန်းခြံ(တော်လှန်ရေးပန်းခြံ)တွင် ဗမာ့တပ်မတော်သားများ စစ်ရေးပြပြီးနောက် သတ်မှတ်နေရာအသီးသီးသို့ ထွက်ခွာချီတက်ခဲ့ကြသည့် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်ကို တပ်မတော်နေ့အဖြစ် နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခု ၂၀၂၄ ခုနှစ် ဆိုပါလျှင် (၇၉)နှစ်ရှိခဲ့ပြီဖြစ်သည်။**

မြန်မာဘုရင်များ လက်ထက်မှ ကိုလိုနီဖြစ်ခဲ့ရသော နှစ်ပေါင်း ၁၀၀ ကျော်ခန့်အတွင်း အဆက်ပြတ်နေခဲ့သော မြန်မာအမျိုးသား တပ်မတော်ကြီးကို ထိုနေ့ထိုရက်တွင် စတင်တည်ထောင် နိုင်ခဲ့၍ တက်ရောက်လာသော စစ်သားသစ် ပရိသတ်များထဲမှ အချို့မှာ သောက်ကြ၊ စားကြ၊ ကကြ၊ ခုန်ကြ အလွန်ပျော်ရွှင်လျက်ရှိပုံ၊ လူအုပ်တစ်အုပ်က ဗိုလ်ချုပ်အောင်ဆန်းအား ဝိုင်း၍ ထမ်းကြပြီး ကကြ၊ ခုန်ကြ၊ မြှောက်လိုက်ချလိုက်လုပ်ခဲ့ကြသဖြင့် ဗိုလ်ချုပ်မှာလည်း လူအုပ်ကြီးပေါ်တွင် မြှောက်လိုက်ကျလိုက် ဖြစ်နေပုံမြင်ကွင်းတို့ကို ရဲဘော်သုံးကျိပ်ဝင်တစ်ဦးက တစ်သက်တာ မမေ့နိုင်သော နေ့တစ်နေ့အဖြစ် သတင်းစာတွင် မှတ်တမ်းတင်ရေးသားခဲ့ပါသည်။

## မမေ့နိုင်သောနေ့တစ်နေ့အဖြစ် မှတ်တမ်းတင်ရေးသား

ထို့အတူ ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ကြားပြီး တစ်ပတ်ခန့်အကြာတွင် ဂျပန်ဆရာတို့က ရဲဘော်သုံးကျိပ်ဝင်များကို ကိုယ်ပိုင်လက်နက် ရိုင်ဖယ်များ အခမ်းအနားဖြင့် ပေးအပ်သောနေ့တွင်လည်း ခြောက်လက်မရှည်သော ဓားမြှောင်ပင် ကိုင်ခွင့်မရခဲ့သော မြန်မာအမျိုးသားတို့အဖို့ လက်နက်ကိုင်တပ်တစ်တပ် ဖွဲ့စည်းတည်ဆောက်ရန် လက်နက် စကိုင်ရသောနေ့တစ်နေ့ဖြစ်၍ စိတ်လှုပ်ရှားဝမ်းမြောက်ပြီး မမေ့နိုင်သောနေ့တစ်နေ့အဖြစ် မှတ်တမ်းတင်ရေးသားခဲ့ပါသည်။

ဤသည်မှအစပြု၍ မြန်မာအမျိုးသားတပ်မတော်ကြီးသည် မြန်မာတိုင်းရင်းသား ပြည်သူများ၏ တစ်ခဲနက် ပူးပေါင်းပါဝင်မှုဖြင့် ကိုလိုနီနယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးတို့ ဆင်နွှဲ၍ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အမိမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကို ရယူဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

လွတ်လပ်ပြီး၊ ကိုလိုနီနယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော်ကြာ ကျွန်သပေါက်ဘဝဖြင့် နေခဲ့ကြရာမှ မြန်မာပြည်သည် ကိုယ့်မင်းကိုယ့်ချင်းဘဝဖြင့် လွတ်လွတ်ကျွတ်ကျွတ် လွတ်လပ်ခဲ့ပါပြီ။ သို့သော် မြန်မာပြည်သူများ လွတ်သဘင်ပွဲကို တပျော်တပါး နွှဲပျော်၍မှမဆုံးမီ နှစ်ပေါင်း ၇၀ ကျော်ကြာ မစဲနိုင်အောင် တိုက်ခိုက်တော့မည့် မုန်တိုင်းသည် အစပျိုး ဝင်ရောက်လာခဲ့ပါသည်။

ဗမာပြည် ကွန်မြူနစ်ပါတီက မြန်မာ့လွတ်လပ်ရေးသည် စစ်မှန်သော လွတ်လပ်ရေးမဟုတ်ဟု ကြွေးကြော်ကာ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် တောခိုသွားကြသည်။ တောခိုကွန်မြူနစ်တို့သည် စစ်ကြီးအပြီးက ဝှက်ထားခဲ့သော လက်နက်ပုန်းတို့ကို ဖော်ထုတ်စွဲကိုင်ကြကာ နီးရာကျေးရွာများ၊ ရဲကင်းများတို့ကို စီးနင်းတိုက်ခိုက်လာကြသည်။ တံတားတို့ကို ဖောက်ခွဲကြသည်။ မီးရထားလမ်းများကို ဖျက်ဆီးကြသည်။ ထိုပွဲဦးထွက် အောင်မြင်မှုများကြောင့်လည်းကောင်း၊ ဝါဒဖြန့် ကောင်းမှုများကြောင့်လည်းကောင်း ရိုးသားသော တောသူတောင်သား အများအပြားသည် ကွန်မြူနစ်တို့၏ အလံအောက်သို့ မျက်စိလည်လမ်းမှား ရောက်ရှိသွားခဲ့ကြသည်။

**ရောင်စုံသူပုန် ရန်သူတို့ကို လှေခွက်ချည်းကျန် အလံမလှဲတမ်း၊ ရင်မြေကတုတ် တွန်းလှန်ခုခံခဲ့ကြရသည်က တိုင်းပြည်၏ အရေးအခင်းတိုင်းတွင် ပြည်သူလူထု၏ရှေ့မှ အစဉ်အမြဲ မားမားမတ်မတ် ရပ်တည်ခဲ့သည့် အစဉ်အလာရှိသော တပ်မတော်။ ရန်သူနှင့် နှိုင်းယှဉ်လိုက်ပါက အရေအတွက်အားဖြင့် အဆပေါင်းများစွာ နည်းပါးလှကာ ကျည်ဆန်ခဲယမ်း မီးကျောက်တို့ကိုလည်း တစ်တောင့်ချင်း လက်ချိုးရေတွက်ပြီး တိုက်ခိုက်နေရသည့် မြန်မာ့တပ်မတော်သည် အသက်သွေးချွေးပေါင်းများစွာတို့ကို ပေးဆပ်၍ ထိုရန်သူမျိုးစုံတို့အား အကြိတ်အနယ် ပြန်လည်ခုခံခဲ့ရာမှ တစ်စတစ်စဖြင့် တန်ပြန်ထိုးစစ်ကို ဆင်နွှဲနိုင်ခဲ့**

*အချပ်ပို (ခ) သို့*